# ငြိမ်းချမ်းရေးဖြစ်စဉ် ရက်စွဲစဉ်မှတ်တမ်း

အတွဲ(၂)၊ အမှတ် (၁၇)၊ စက်တင်ဘာ၊ ၂၀၁၈

ယခုရက်စွဲမှတ်တမ်းပါ အချက်အလက်များသည် မြန်မာ့အရေး လေ့လာသူများအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်မှ ၂၈ ရက်နေ့အတွင်း ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ၊ ဆွေးနွေးမှုများနှင့် တခြားသော ဆက်စပ်သတင်း များအား မီဒီယာများမှတဆင့် မှတ်တမ်းတင်ထားသော ရက်အလိုက် ငြိမ်းချမ်းရေးသတင်း စုစည်းချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ရက်စွဲမှတ်တမ်းပါအချက်များသည် မြန်မာ့အရေးလေ့လာသူများ၏ အမြင်နှင့် အာဘော်မဟုတ်ဘဲ ငြိမ်းချမ်းရေးနှင့် ပတ်သက် သော မီဒီယာဖော်ပြချက်များအား စုစည်းပေးထားခြင်းသာဖြစ်ပါသည်။ မြန်မာ့အရေးလေ့လာသူများအဖွဲ့မှ ထုတ်ဝေလျက်ရှိသော ငြိမ်းချမ်းရေး ရက်စွဲစဉ်မှတ်တမ်းများ အား ပိုမိုကောင်းမွန်စေရန်အတွက် အကြံပြုချက်များပေးပါရန် အကူအညီ တောင်းခံအပ်ပြီး၊ အကြံပြုချက်များ ပေးပို့လိုပါက program@gmail.com နှင့် ဖုန်း - 09-796636737 တို့ကို ဆက်သွယ်နိုင်ပါသည်။

မြန်မာ့အရေးလေ့လာသူများအဖွဲ့

## လက်နက်ကိုင်ပဋိပက္ခ

### ❖ ရှမ်း

စက်တင်ဘာလ(၂၁) ရက်နေ့ နံနက်ပိုင်း ၁၀း၂၀ နာရီမှ ၁၀း၄၀ နာရီအချိန်ထိ ရှမ်းပြည်နယ် မြောက်ပိုင်း၊ နမ္မတူမြို့နယ်၊ မန်စံကျေးရွာနှင့် နောင်အော်ကျေးရွာကြား၌ တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။ (TNLA)

### ❖ ချင်း

စက်တင်ဘာလ(၂၁) ရက်နေ့တွင် ရှင်မဒိန်ရွာမြောက်ဖက်ရှိ "ထအို့ပီရွာ" အနီး၌နံနက်(၈) နာရီ(၃၀) မိနစ်မှ (၉) နာရီ(၃၀) မိနစ်အထိ ရခိုင့်လွတ်မြောက်ရေးတပ်မတော်(AA )နှင့် မြန်မာတပ်မတော် ခလရ(၂၈၉) တို့ တစ်နာရီခန့်ကြာတိုက်ပွဲဖြစ်ပွားခဲ့သည်။ (ULA) (Narinjara)

စက်တင်ဘာလ(၂၁) ရက်နေ့တွင် "အုံးသီး၀"ရွာမြောက်ဖက် (၅.၅) ကီလိုမီတာအနီး၌ "အုံးသီး၀"ရွာမြောက်ဖက် (၅.၅) ကီလိုမီတာအနီး၌ ရခိုင့်လွတ်မြောက်ရေးတပ်မတော်(AA )နှင့်မြန်မာတပ်မတော်တို့ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ (ULA) (Narinjara)

❖ **အခြား**

စက်တင်ဘာ ၂၅ ရက် ည ၉နာရီကျော်ခန့်အချိန်တွင် စစ်တွေဘုရားကြီးအနီးရှိ ဂက်ဘာကွင်း ဈေးပွဲတော်၌ စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့ (စရဖ) မှ အဖွဲ့ဝင်တစ်ဦးသည် သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရပြီး သေဆုံးခဲ့သည်။ သေဆုံးမှုနှင့်ပတ်သတ်၍ ရခိုင့်လွတ်မြောက်ရေးတပ်မတော်(AA)နှင့်ပတ်သတ်သည်ဟု ပြောဆိုနေသည်များကို AAတပ်ဖွဲ့နှင့်လုံးဝသက်ဆိုင်ခြင်းမရှိဟု AAပြောခွင့်ရပုဂ္ဂိုလ် ဦးခိုင်သုခမှ ပြောခဲ့သည်။ **" ဒီကိစ္စကတော့ ကျွန်တော်တို့နဲ့ဘာမှမဆိုင်ပါဘူး။ သူ့ကိုမကျေနပ်တဲ့သူတစ်ယောက်ယောက်က လုပ်တာလဲ ဖြစ်နိုင်တာပေါ့။ လုံးဝမပတ်သက်ပါဘူးခင်ဗျာ။ ကျွန်တော်တို့နဲ့ လုံးဝ မပတ်သက်ပါဘူး"** ဟုပြောခဲ့သည်။(Mizzima)

စစ်တွေမြို့လယ်ကောင်တွင် စက်တင်ဘာ ၂၅ ရက်ညက ဖြစ်ပွားခဲ့သည့် စစ်ဘက်ရေးရာလုံ ခြုံရေး(စရဖ)တပ်ဖွဲ့ဝင်တစ်ဦး သေနတ်ဖြင့်ပစ်သတ်ခံရသည့်အမှုနှင့်ပတ်သက်၍ သံသယရှိသူ ၁၀ ဦးကျော်ကို ခေါ်ယူစစ်ဆေးပြီး တစ်ဦးကို ထိန်းသိမ်းထားကြောင်း ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ မှတပ်ဖွဲ့မှူး ရဲမှူးကြီးကြည်လင်းမှ ပြောခဲ့သည်။ **"သေဆုံးသူက ရန်ကုန်စရဖ ကနေ ခွင့်မဲ့ပျက်ကွက်ကျူးလွန် ထားသူ။ ကျွန်တော်တို့ဒီအမှုကို စစ်ဆေးတာမှာ သံသယရှိသူ ၁၂ ယောက်လောက်ကို ခေါ်စစ် တယ်။ တစ်ဦးကိုထိန်းသိမ်းထား တယ်။ စစ်ဆေးသင့်တာ စစ်ဆေး နေတယ်လို့ပဲ ပြောလို့ရမယ်။ တချို့ဟာတွေ သိတော့သိနေပြီ"** ဟုပြောခဲ့သည်။ (7Day)

## စစ်ဘေးရှောင်

❖ **ရှမ်း**

စက်တင်ဘာလ(၂၁) ရက်နေ့တွင် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS/SSA)တို့ နမ္မတူမြို့နယ် နောင်အော်ကျေးရွာ နှင့် နားငူး ကျေးရွာ အနီးတွင် တိုက်ပွဲဖြစ်ပွားခဲ့သဖြင့် ဒေသခံ ၁၈၀ ကျော်သည်။ နမ္မတူ မြို့နယ် မန်စံ မြောက်ကျောင်း စစ်ရှောင်စခန်းသို့ သွားရောက်ခိုလှုံခဲ့ရသည်။ (ShanNews)

❖ **ကရင်**

စက်တင်ဘာလ ၁၆ ရက်နေ့၌ ထိုင်းမြန်မာနယ်စပ် မယ်လအူးဒုက္ခသည်စခန်းတွင် မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျရေစီးမှုကြောင့် မြေပြိုခဲ့သဖြင့် လူ ၈ ဦးသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရခဲ့ကာ ဆေးရုံ၊ စာသင်ကျောင်းနှင့် ဘုရားကျောင်းများအပါအဝင် အဆောက်အဦး ခြောက်လုံးခန့် ပျက်စီးခဲ့သည်။ စခန်းတွင် လူဦးရေ တစ်သောင်းကျော်ရှိပြီး ကရင်တိုင်းရင်းသားအများဆုံး နေထိုင်သည်။ (RFA)

## လူ့အခွင့်အရေးချိုးဖောက်မှု

စက်တင်ဘာလ ၁၃ ရက်နေ့တွင် သျှမ်းပြည်မြောက်ပိုင်း သီပေါမြို့နယ် နမ့်လန်အုပ်စုဝင် မန်လီရွာတွင် ရွာ၌စခန်းချနေသော မြန်မာတပ်မတော်အား အမည်မသိအဖွဲ့မှ ဝင်ရောက်ပစ်ခတ်ပြီးနောက်ပိုင်း တပ်စခန်းအနီးရှိ ပြောင်းခြံများအား တပ်မှထွန်ယက်ဖျက်ဆီးခဲ့ပြီးနောက် ပြောင်းခြံပိုင်ရှင်များအား ကျေနပ်ကြောင်း လက်မှတ်ရေးထိုး ခိုင်းခဲ့သည်။ **"မနေ့က သေနတ်သံထွက်ပြီးတာနဲ့ တပ်နဲ့ကပ်လျက် ပြောင်းခြံ ၅ ခြံထက်မနည်းကို သူတို့ ထွန်စက်ကြီးနဲ့ ချက်ချင်းဝင်ရှင်းလိုက်တာ။ လယ်ရှင်ကိုတောင် အသိပေးချိန်မရဘူး။ ပြောင်းက နောက်တပတ်လောက်ဆိုရင်ချိုးရတော့မှာ။ သူတို့တပ်နားက တတောလုံး တတောင်လုံးကပြောင်းခြံကိုသူတို့ဖျက်မယ်လို့ပြောတော့ ရွာသားတွေနဲ့အုပ်ချုပ်ရေးမှူးတွေတပ်ကိုသွားပြီး တောင်းပန်တော့ ဖျက်တာရပ် သွားတယ်။ ဒါတောင်မှ တပ်ကပြောသေးတယ် ပြောင်းခြံထက်လူ့အသက်က အရေးကြီးတယ် ဒါကြောင့် ဖျက်ရမယ်တဲ့။ ဒီနေ့ပြောင်းတွေ အပြီးချိုးပါ့မယ်လို့ကတိပေးမှ လက်ခံတာ။ ဒီနေ့တော့ လယ်ရှင်တွေကို ကျေနပ်ကြောင်းလက်မှတ်ထိုးခိုင်းနေတယ်။"** ဟု မန်လီဒေသခံ ပြောင်းခြံပိုင်ရှင်တဦးမှပြောခဲ့သည်။ အဆိုပါပစ်ခတ်မှုကြောင့် မြန်မာ့တပ်မတော်မှ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့သည်။ (ShanNew)

တရုတ်နိုင်ငံမှ အလုပ်လုပ်ပြီး ပြန်လာသည့် ကချင်ပြည်နယ် ဖန်းမော်မြို့နယ် မိုင်းခေါင်ကျေးရွာတွင် နေထိုင်သူ စိုင်းအောင်မျိုးဌေး အသက် ၂၂ နှစ်မှ ၊ မိုင်းခေါင်ကျေးရွာတွင် နေထိုင်သူ စိုင်းအိုက်နောင် အသက် ၂၁ နှစ် နှင့် ဗန်းမော်မြို့နယ် တောင်နိမ်ကျေးရွာတွင် နေထိုင်သူ စိုင်းဝေယံမျိုး အသက် ၂၁ နှစ်ထံမှ စုစုပေါင်း ငွေကျပ် ၁၃ သိန်းတိတိတို့ကို အင်ပါဘာမြို့အထွက်တွင် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) တပ်ဖွဲ့

တပ်ရင်း (၂၇) လက်အောက်မှ KIA တပ်သား ၄ဦးတို့မှ ငွေများအား အဓမ္မယူဆောင်သွားပြီးနေအိမ်သို့ မပြန်စေဘဲ တရုတ်နိုင်ငံဘက်သို့သာ ပြန်သွားရန်ခြိမ်းခြောက်စေခိုင်းခဲ့ကြောင်းနှင့် ပြန်မလွှတ်ပေးမီတွင် တစ်နာရီကျော်ကြာ ဖမ်းဆီးထားခဲ့သည်ဟု ဒေသခံများမှပြောခဲ့သည်။ (TaiFreedom)

စက်တင်ဘာလ ၂၀ ရက်နေ့တွင် သျှမ်းပြည်တောင်ပိုင်း မိုင်းပန်မြို့ ဂမ်မိုက်ပုတ်၌ စခန်းချနေသည့် (ကွန်ဟိန်း-တာ့ကော့) ခလရ ၂၉၆ တပ်မှ တပ်သား ၂ ဦး ပျောက်ဆုံးခဲ့သည်။ ထိုတပ်သားများ ပျောက်ဆုံးမှုအား သျှမ်းပြည်ပြန်လည်ထူထောင် ရေးကောင်စီ (RCSS/SSA) ၏ လက်ချက်ဖြစ်ကြောင်း တပ်မတော်ဘက်မှ စွပ်စွဲခဲ့ပြီး ရွာသား ၆ ဦးအား အား စက်တင်ဘာလ ၂၂ ရက်နေ့တွင် ဖမ်းဆီးစစ်ဆေးခဲ့ကာ၊ ၂၄ ရက်နေ့ ညနေပိုင်းတွင် မြန်မာ့တပ်မတော်မှ (၅)ရက်ကြာဖမ်းဆီးသွားသော မိုင်းပန်ဒေသခံရွာသား ၆ ဦးအား ပြန်လွှတ်ပေးခဲ့သည်ဟု အဖမ်းခံရသူနှင့်အမျိုးတော်စပ်သူတဦးမှပြောခဲ့သည်။ (ShanNews)

စက်တင်ဘာလ ၂၃ ရက်နေ့တွင် ကျောက်မဲမြို့နယ်အတွင်း တော့ဆန်ကျေးရွာအုပ်စု တော့ဆန်ကျေးရွာ နှင့် ပန်မတ်မီးကျေးရွာအုပ်စု ပန်မတ်မီးကျေးရွာများ၌ နေထိုင်သော ကျေးလက်ဒေသခံများအား တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)မှ သတ်မှတ်ပေးသည့် နေရာဒေသသို့ သွားရောက်၍ လမ်းမများပြုပြင်ခြင်း ၊ ချိုင့်ခွက်များအား မြေဖို့ပေးခြင်းများ ပြုလုပ်ပေးရမည် ၊ လမ်းပြုပြင်ပေးခြင်းမရှိပါက အပြစ်ပေးခြင်းခံရမည်ဟု ခြိမ်းခြောက်ခိုင်းစေခဲ့ကြောင်း ဒေသခံလူထုမှပြောခဲ့သည်။ (TaiFreeom)

စက်တင်ဘာလ ၂၄ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ဂဝတပ်ဖွဲ့မှ ဘုရားကျောင်းများအား ဖျက်စီးခြင်းနှင့် ပိတ်ပင်ခြင်းများအား အကြီးအကျယ် ပြုလုပ်နေပြီး ခရစ်ယာန်ဘာသာရေး ဆရာ အချို့အား ဖမ်းဆီး စစ်ဆေးမှုများ ရှိနေသည်ဟု ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ် ဥက္ကဌဖြစ်သူ ဆရာခလမ်ဆမ်ဆွန်မှ ပြောခဲ့သည်။ UWSA ထိန်းချုပ်ရာဒေသ မိုင်းပေါက်နယ်အတွင်း ခရစ်ယာန်ဘုရားကျောင်း ၅၀ကျော်ပိတ်ခံရပြီး အမှုတော်ဆောင်သာသနာပြုဆန်းထမ်း ၉၂ ပါး ထိန်းသိမ်းခံထားရကာ ကျမ်းစာကျောင်းသူ ကျောင်းသား ၄၀ ကျော်အား ဖမ်းဆီးခေါ်ဆောင်ပြီး စစ်သားလုပ်ခိုင်းခဲ့သည်ဟု လားဟူနှစ်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။အဆိုပါ ခရစ်ယာန်ဘာသာရေးဆရာများအား ဖမ်းဆီးခြင်းနှင့် ပတ်သက်၍ ဝပြည်သွေးစည်း ညီညွတ်ရေးတပ်မတော်၏ ပြောရေးဆိုခွင့်ရှိသူ ဦးညီရမ်းမှ ဒေသတွင်း ခရစ်ယာန်ဘာသာရေးဆရာအချို့အား ခေါ်ယူမေးမြန်းမှု ပြုလုပ်နေကြောင်း ဖြေကြားခဲ့သည်။ (BBC) (RFA) (RFA) (VOA)

## မြေမြှုပ်မိုင်း

### သေဆုံး

စက်တင်ဘာလ၁၉ရက်နေ့ ညနေပိုင်း သုံးနာရီတွင် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်-ပန်ဆိုင်း (ကြူကုတ်) လမ်းပေါ် နမ့်တောင်းကျေးရွာMY Tel တာဝါတိုင်းအနီး၌ မြေမြှုပ်မိုင်းနစ်လုံး ပေါက်ကွဲ၍ အမျိုးသမီး တစ်ဦး သေဆုံးခဲ့သည်။ (RFA) (NMG)

### ဒဏ်ရာရ

စက်တင်ဘာလ၁၉ရက်နေ့ ညနေပိုင်း သုံးနာရီတွင် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်-ပန်ဆိုင်း (ကြူကုတ်) လမ်းပေါ် နမ့်တောင်းကျေးရွာMY Tel တာဝါတိုင်းအနီးတွင် မြေမြှုပ်မိုင်းနစ်လုံး ပေါက်ကွဲ၍ အမျိုးသမီး နစ်ဦး ဒဏ်ရာရခဲ့သည်။ (RFA)

စက်တင်ဘာလ ၁၅ ရက်နေ့၌ တပ်မတော်နှင့် ကချင်လွတ်လပ်ရေးတပ်မတော်(KIA) တို့ အကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် မိုင်းထိမှန်ဒဏ်ရာ ရရှိခဲ့သည့် ကချင်ပြည်နယ်ရှိ ဒေသခံများအား ထောက်ပံ့ငွေ ပေးအပ်ပွဲကို အစိုးရမှ ပြုလုပ်ခဲ့သည်။ အဆိုပါ ထောက်ပံ့ငွေပေးအပ်ပွဲတွင် မိုင်းထိမှန်ခဲ့သော ပြည်သူ တစ်ဦးလျှင် ကျပ်နစ်သိန်းနှုန်းဖြင့် ၁၃ဦးအားလည်းကောင်း ကချင်ပြည်နယ်ရှိ မသန်စွမ်းသူ တစ်ဦးလျှင် ကျပ်သုံးသောင်းနှုန်းဖြင့် ၃၈၇၉ ဦးအားလည်းကောင်း အစိုးရမှ ထောက်ပံ့ငွေပေးအပ်ခဲ့သည်။ ထောက်ပံ့ငွေ ပေးအပ်ပွဲသို့ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး နှင့် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်တို့ တက်ရောက်ခဲ့သည်။ (7Day)

## တွေ့ဆုံဆွေးနွေးမှု

ကရင်အမျိုးသားအစည်းအရုံး (KNU) လက်အောက်ခံ တပ်မဟာ ၅ ထိန်းချုပ်နယ်မြေအတွင်း မြန်မာ့တပ်မတော်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)တို့ဖြစ်ပွားနေသည့် ပဋိပက္ခများနှင့်ပတ်သက်၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ( JMC )၏အရပ်သားကိုယ်စားလှယ်များမှ ကေအန်ယူ ဌာနချုပ်သို့ သွားရောက် တွေ့ဆုံခဲ့သည်။ (DVB)

NCA လက်မှတ်ထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာလ၁၇ မှ ၁၉ ရက်နေ့အထိ KIA ဗဟိုဌာနချုပ် လိုင်ဇာ၌ ၃ ရက်ကြာ ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် အဓိက အချက် ၂ ချက်အနေဖြင့် ငြိမ်းချမ်းရေးအပေါ် တစ်ဖွဲ့ချင်းစီ၏ တင်ပြချက်နှင့်၊ အားလုံးပူးပေါင်းပါဝင်ပြီး ငြိမ်းချမ်းရေး အကောင်အထည်ဖေါ်ရေးကိစ္စများအား ဆွေးနွေးခဲ့သည်ဟု လိုင်ဇာ KIO သတင်းနှင့်ပြန်ကြားရေးဌာန တာဝန်ရှိသူ ဗိုလ်မှူး ကြီး နော်ဘူမှပြောခဲ့သည်။ (KachinNews) (NMG)

## အစည်းအဝေးများ

### UPDJC

စက်တင်ဘာလ၂၂ရက်နှင့် စက်တင်ဘာလ၂၃ရက်နေ့များတွင် နေပြည်တော်၌ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးများ နှစ်ရက်ကြာတွေ့ဆုံ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆက်လက်ဆောင်ရွက်နိုင်ရေး လမ်းကြောင်းများကို အလွတ်သဘော ဆွေးနွေးခဲ့သည် ။ အစည်းအဝေး ၌ ၂၀၁၈ အတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစုပင်လုံအစည်းအဝေးမဖြစ်မနေကျင်းပပြီး ၂၀၁၉ တွင် ညီလာခံ နှစ်ကြိမ်ကျင်းပကာ ဖက်ဒရယ်ဆိုင်ရာအခြေခံမူများရရှိရေး ဆွေးနွေးခဲ့သည်ဟု တာလုဖေမှ **ပြောခဲ့သည်။** (7Day) (MonNews)

### JMC

စက်တင်ဘာလ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့၊ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ (၁၈) ကြိမ်မြောက် အစည်းအဝေးအား တတိယမြောက်နေ့အဖြစ် ဆက်လက်ကျင်းပခဲ့သည်။ အစည်းအဝေးသို့ JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဥက္ကဋ္ဌ (၁) ဗိုလ်ချုပ်စောအိုင်းဇက်ဖိုး (KNU) နှင့် ဒုတိယဥက္ကဋ္ဌ (၂) စိုင်းမျိုးသန့်တို့ အပါအဝင် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အရပ်သား ကိုယ်စားလှယ်များ၊ အထောက်အကူပြု အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ အစည်းအဝေးအပြီးတွင် JMC-U ၏ ပြောရေးဆိုခွင့်ရှိသူများဖြစ်သည့် အတွင်းရေးမှူး (၁) ဒေါက်တာရွှေခါးရ်နှင့် အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီးဝဏ္ဏအောင်တို့က သတင်းမီဒီယာများနှင့် တွေ့ဆုံကာ JMC-U အစည်းအဝေးသုံးရက်တာကာလအတွင်း ဆွေးနွေးခဲ့သည်များ၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများအား ပြောခဲ့သည်။ (JMC) (KIC) (7Day) (DVB) (7Day) (Popular) (MOI)

စက်တင်ဘာလ၂၂ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌ မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ (၁၈) ကြိမ်မြောက် လစဉ် အစည်းအဝေးကိုကျင်းပခဲ့သည်။ အစည်း အဝေးတွင် JMC-S (မွန်) ဥက္ကဋ္ဌ ဗိုလ်ချုပ်မျိုးမိုးအောင်နှင့် JMC-S (မွန်) ဒုတိယဥက္ကဋ္ဌ (၂) စောဟိုရေးတို့မှ နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။ JMC-S (မွန်) ၏ လစဉ်အစည်းအဝေးသို့ အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းနှင့် အရပ်သား ကိုယ်စားလှယ်များ၊ JMC-S (မွန်) ရုံးဝန်ထမ်းများ စုစုပေါင်း (၁၇) ဦး ပါဝင်တက်ရောက်ခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အသေးစိတ် ညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။ (JMC)

### အခြား

စက်တင်ဘာလ၂၂ရက်နေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အရှေ့ မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ တိုင်းရင်းသားခေါင်းဆောင်များနှင့်ပြည်သူ့စစ်(ဌာနေ)အဖွဲ့ခေါင်းဆောင်များအား တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲတွင် တပ်တော်ကာကွယ်ရေးဦးစီးချုပ်မှ ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသသည် တိုင်းရင်းသား

များစုပေါင်းနေထိုင်ကြကြောင်း၊ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် နေထိုင်ကြ သူများဖြစ်သဖြင့် အားလုံးမိသားစုစိတ်ဓာတ်၊ ညီအစ်ကိုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံးညီညီညွတ်ညွတ် နေထိုင်ကြစေလိုကြောင်း၊ မိမိတို့ ကြည်းရေလေ တပ်မတော်သားများအနေဖြင့်လည်း စည်းစည်းလုံးလုံးဖြင့် ကျရာတာဝန်ကိုထမ်းဆောင်နေကြခြင်းဖြစ်ကြောင်း၊ ယခုအခါလက်နက်ကိုင်ပဋိပက္ခများမချုပ်ငြိမ်းသေးဘဲ နိုင်ငံရေး၊ တိုင်းရင်းသားရေး၊ အယူဝါဒရေးနှင့် အုပ်ချုပ်ရေးသဘောထားကွဲလွဲမှုများရှိနေသော်လည်း ပြည်သူ များမှ ရွေးချယ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကိုလျှောက်လှမ်းနေပြီဖြစ်သဖြင့် ကွဲပြားနေသည့် အမြင်များ တူညီစေရန်အတွက် အားလုံးညှိနှိုင်းတိုင်ပင်ဆောင်ရွက်ခြင်းဖြင့် လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းရန်လိုအပ်ကြောင်း အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ တွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေးနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ တိုင်းရင်းသားခေါင်းဆောင်များနှင့် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ခေါင်းဆောင်များတက်ရောက်ခဲ့ကြသည်။ (Military) (DVB)

စက်တင်ဘာလ၂၃ရက်နေ့နံနက်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် လားရှိုး တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအားတွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် တပ်မတော်၏အဓိကတာဝန်မှာ နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာ အာဏာပိုင်မှုအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်ကြောင်း၊ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိချိန်မှစ၍ အစိုးရအဆက်ဆက်နှင့် ပြည်သူလူထု၏အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးကိုကာကွယ်စောင့်ရှောက်ပေးခဲ့ကြောင်း၊ နိုင်ငံ၏အကျိုးစီးပွား၊ တိုင်းရင်းသားများ၏ အကျိုးစီးပွားများကိုအကာအကွယ်ပေးခြင်းသည် တရားသောစစ်ကို ဆင်နွှဲခြင်းပင်ဖြစ်ကြောင်း ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ပြောကြားခဲ့သည်။တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီး ချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေး၊ တပ်နယ် မှ အရာရှိ၊ စစ်သည်၊ မိသားစုများတက်ရောက်ခဲ့ကြသည်။ (Military) (Mizzima) (DVB) (BBC)(Irrawaddy)

## နီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သတင်းစာရှင်းလင်းပွဲများ

### JMC

စက်တင်ဘာလ ၁၄ ရက်နေ့၌ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် လောင်းကိုင်ကျေးရွာအုပ်စုတွင် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး လုပ်ငန်းစဉ် တစ်ရပ်ဖြစ်သည့် ဒေသခံအရပ်သား စောင့်ကြည့်သူ (LCM) ရွေးချယ်ရေး အစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေးပွဲတွင် JMC-S (ကရင်) အတွင်းရေးမှူး (၁) ပဒိုစောရွှေမောင်းမှ LCM များ သိရှိထားရမည့် JMC ဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ထားရှိရမည့် စိတ်နေသဘောထားများအား အကျဉ်းချုပ် ပြောခဲ့သည်။ လောင်းကိုင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ (၆) ရွာမှ အဆိုပြုသူ LCM ကိုယ်စားလှယ်လောင်း (၆) ဦးအား မဲစနစ်ဖြင့် ရွေးချယ်ခဲ့ပြီး LCM (၅) ဦး၊ LCM အရန် (၁) ဦး ရွေးချယ်ခဲ့ကြပါသည်။ အစည်းအဝေးသို့ JMC-S (ကရင်) အတွင်းရေးမှူး (၁) ပဒိုစောရွှေမောင်း၊ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်မှူးကြီးရဲထွဋ်နှင့် ကော်မတီဝင်များ၊ နယ်မြေခံလက်နက်ကိုင်တပ်ဖွဲ့ဝင်များ၊ လောင်းကိုင်ကျေးရွာအုပ်စုမှ ပြည်သူလူထု စုစုပေါင်း (၉၀) ခန့် တက်ရောက်ခဲ့သည်။ (JMC)

စက်တင်ဘာလ ၁၄ ရက်နေ့၌ တနင်္သာရီတိုင်းဒေသကြီးရေဖြူမြို့နယ် ကျေးဇူးတော်ရွာတွင် ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံကာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောခဲ့သည်။ လူထုတွေ့ဆုံပွဲသို့ ကျေးဇူးတော်ရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူလူထု စုစုပေါင်း (၁၂၀) ခန့်တက်ရောက်ခဲ့သည်။ ထို့နောက်လူထုတွေ့ဆုံပွဲသို့ တက်ရောက်သူများအား စာအုပ်စာတမ်းများ ဖြန့်ဝေခဲ့သည်။ (JMC)

စက်တင်ဘာလ ၁၄ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ခိုလမ်မြို့၌ ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ [JMC-S (ရှမ်း)] ၏ (၁၇) ကြိမ်မြောက် အစည်းအဝေးကိုကျင်းပခဲ့သည်။ အစည်းအဝေးသို့ JMC-S (ရှမ်း) ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှစ်ဦးနှင့် ကော်မတီဝင်များ၊ သီးခြားဖိတ်ကြားထားသူများ စုစုပေါင်း (၂၆) ဦး ပါဝင်တက်ရောက်ခဲ့သည်။ (JMC)

စက်တင်ဘာလ ၁၄ ရက်နေ့၌ ရန်ကုန်မြို့ NRPC ရုံးတွင်သုံးရက်ကြာကျင်းပခဲ့သည့် JMC- U အစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲတွင် ထိပ်တိုက်တွေ့ဆုံမှုများကို လျှော့ချနိုင်အတွက် အစိုးရ တပ်မတော်နှင့်၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ / ရှမ်းပြည်တပ်မတော် RCSS/SSA အဖွဲ့တို့မှ ဆုံးဖြတ်ချက်ချနိုင်သော ခေါင်းဆောင်များ မကြာခင်တွေ့ ဆုံ သွားရန်ရှိကြောင်းကို JMC-U အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးမှ ပြောခဲ့သည်။ (RFA) (Mizzima)

စက်တင်ဘာ ၂၀ မှ ၂၁ ရက်နေ့အထိ ကရင်ပြည်နယ်၊ ဘားအံမြို့၌ ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီက ကြီးမှူးကျင်းပပြီး တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များမှ နှစ်ဖက်တပ်ဖွဲ့ဝင်များ ပါဝင်တက်ရောက်သည့် JMC ဆိုင်ရာ သင်တန်းကိုကျင်းပခဲ့သည်။ နှစ်ရက်ကြာကျင်းပသည့် JMC ဆိုင်ရာသင်တန်းတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ပါ အကြောင်းအရာများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတရားများ၊ နှစ်ဖက်တပ်များ လေးစားလိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ၊ JMC ၏ လုပ်ငန်းတာဝန်များ၊ တိုင်ကြားမှုနှင့် အငြင်းပွားမှုများအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စိစစ်အတည်ပြုရေး လုပ်ငန်းစဉ်များ၊ ပူးတွဲနယ်လှည့်စောင့်ကြည့်ခြင်းလုပ်ငန်းစဉ်များနှင့် ဒေသခံ အရပ်သားစောင့်ကြည့်သူများ၏ လုပ်ငန်းလမ်းညွှန်များအား JMC-S (ကရင်) အဖွဲ့ဝင်များက ရှင်းလင်းပို့ချခဲ့သည်။ JMC ဆိုင်ရာသင်တန်းသို့ JMC-S (ကရင်) အဖွဲ့ဝင်များ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များမှ နယ်မြေခံတပ်ဖွဲ့ဝင်များ၊ သီးခြားဖိတ်ကြားထားသော လေ့လာသူများနှင့် JMC-S (ကရင်) ရုံးဝန်ထမ်းများ ပါဝင်တက်ရောက်ခဲ့ကြသည်။ (JMC)

စက်တင်ဘာလ ၂၂ ရက်နေ့တွင် ရှမ်းပြည်နယ်၊ မောက်မယ်မြို့နယ် ဖာစန်းကျေးရွာ ၌ ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များသည် ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံ၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာလုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားခဲ့သည်။ တွေ့ဆုံပွဲတွင် JMC-S (ရှမ်း) အဖွဲ့ဝင်များမှ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ပါ အကြောင်းအရာများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ၊ စည်းမျဉ်းစည်း ကမ်းများအား ချိုးဖောက်မှုများ ရှိပါက တိုင်ကြားရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်း ပြောကြားခဲ့ကြသည်။ လူထုတွေ့ဆုံပွဲသို့ JMC-S (ရှမ်း) နှင့် JMC-L (လင်းခေး) တို့မှ ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူလူထု စုစုပေါင်း (၄၀၀) ကျော် ပါဝင်တက်ရောက်ခဲ့သည်။ (JMC)

စက်တင်ဘာလ ၂၄ ရက်နေ့မှ စက်တင်ဘာလ ၂၆ ရက်နေ့အထိ ရန်ကုန်မြို့၌ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ထိပ်တိုက်ရင်ဆိုင်မှုများကို ရှောင်ရှားခြင်းနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲ (Disengagement Workshop) ကိုကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဝင် ဦးပြည့်စုံ၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ နည်းပညာအထောက်အကူပြုရုံး အလုပ်အမှုဆောင်ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဦးတို့မှ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရသည့် ရည်ရွယ်ချက်နှင့် ဆွေးနွေးသွားမည့် အကြောင်းအရာများ၊ ထိပ်တိုက်ရင်ဆိုင်မှုများကို ရှောင်ရှားနိုင်ခြင်းအားဖြင့် ပစ်ခတ်တိုက်ဒါခိုက်မှုရပ်စဲရေး ပိုမို ခိုင်မာအားကောင်းလာမည့် အခြေအနေများကို ရှင်းလင်း ပြောကြားခဲ့သည်။ ဆွေးနွေးပွဲသို့ အစိုးရကိုယ်စားလှယ်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် နည်းပညာအထောက်အကူပြုရုံး ဝန်ထမ်းများတက်ရောက်ခဲ့ကြသည်။ (JMC)

စက်တင်ဘာလ ၂၆ ရက်နေ့တွင် တောင်ကြီးမြို့၌ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီက ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် စိစစ်အတည်ပြုရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ အဓိကလုပ်ငန်းစဉ် တစ်ခုဖြစ်သော စိစစ်အတည် ပြုရေးလုပ်ငန်းနှင့် ပတ်သက်သည့် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီဝင်များမှ ဆွေးနွေးခဲ့ကြသည်။အလုပ်ရုံ ဆွေးနွေးပွဲသို့ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်နှင့် ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဝင်များ၊ နည်းပညာအထောက်အကူပြု ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ (JMC)

## ထုတ်ပြန်ချက်

ကချင်၊ ရှမ်း၊ ရခိုင်ပြည်နယ်တွေမှာ မြန်မာ့တပ်မတော်၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်ပြီး နိုင်ငံတကာရာဇဝတ်မှုခုံရုံး (ICC) တွင် စစ်ဆေးသင့်ကြောင်း ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်ကို ထောက်ခံကြောင်း ကြေညာချက်တစ်စောင်အား ကရင်အမျိုးသားအစည်းအရုံး KNU ဒုဥက္ကဋ္ဌဟောင်း နော်စီဖိုးရာစိန် ဦးဆောင်သည့် KNU Concerned Group မှ စက်တင်ဘာ ၁၄ ရက်နေ့၌ ထုတ်ပြန်ခဲ့သည်။ ကရင်၊ ကချင်၊ ရှမ်း၊ ကရင်နီနှင့် အခြားတိုင်းရင်းသားဒေသတို့တွင် မြန်မာ့တပ်မတော်က သက်ကြီး ရွယ်အိုများနှင့် ကလေးငယ်များအပါအဝင် လူထောင်နှင့်ချီ သတ်ဖြတ်ခြင်း၊ ရာနှင့်ချီသည့် အမျိုးသမီးများကို အဓမ္မပြုကျင့်ခြင်း စသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား တွေ့ကြုံခဲ့ဖူးသည်ဟု KNU Concerned Group ၏ ထုတ်ပြန်ချက်တွင် ရေးသားပါရှိသည်။ (RFA)
စက်တင်ဘာလ ၁၅ ရက်နေ့၌ ရခိုင့်တပ်မတော် (ULA/ AA) သတင်းပြန်ကြားရေးဌာနမှ အစိုးရနှင့် တပ်မတော်မှ ရခိုင်လူမျိုးများအပေါ် ကျူးလွန်မှုများအား အချက်အလက် သက်သေတို့စုဆောင်းပြီး နိုင်ငံတကာအဖွဲ့အစည်းများထံ တိုင်ကြားသွားမည်ဟု ရခိုင်အမျိုးသားအဖွဲ့ချုပ် (ULA/AA) မှ ကြေငြာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ (RFA) (ULA)

စက်တင်ဘာလ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ လက်နက်ကိုင် ထိတွေ့မှု ၂၅ ကြိမ် ဒေသန္တရ လကလုပ်ပိုင်း အသုံးပြု တိုက်ခိုက်မှု ၄ ကြိမ် ဖြစ်ပွားခဲ့ပြီး စုစုပေါင်း ၂၉ ကြိမ် ဖြစ်ပွားခဲ့သည်ဟု ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ မြန်မာအင်စတီကျု (MIPS) အဖွဲ့မှ ထုတ်ပြန်ခဲ့သည်။ (Mizzima)

စက်တင်ဘာလ ၁၅ ရက်နေ့၌ မြန်မာနိုင်ငံဒီမိုကရေစီ အကူးအပြောင်းကို ဆက်လှမ်းနိုင်ရန် ဖိနှိပ်ထားသည့် ဥပဒေများ အမြန်ဆုံးရုပ်သိမ်း သင့်ကြောင်း နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေး အသင်း (AAPP) မှထုတ်ပြန်ချက် တစ်စောင်ထုတ်ပြန်ခဲ့သည်။ အဆိုပါထုတ်ပြန်ချက်တွင် အခြေခံကျသော အခွင့်အရေးများအား နိုင်ငံသားအားလုံးအရှိစေရန် စစ်အစိုးရဟောင်းများမှ အသုံးပြုလေ့ရှိသော ဖိနှိပ်ထားသည့် ဥပဒေများအား ရုပ်သိမ်းရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီပြောင်းလဲရေးတွင် အဟန့်အတားဖြစ်စေခြင်းကြောင့် ရုပ်သိမ်းရန် လိုအပ်သည့် ဥပဒေများ ၂၀၁၃တွင်ပြဌာန်း ခဲ့သော ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဥပဒေ ၁၉၀၈တွင် ပြဌာန်းခဲ့သော မတရားအသင်း ဆက်သွယ်မှုဥပဒေပုဒ်မ ၁၇ (၁) နှင့် (၂) နှင့် ၁၈၆၁တွင် ပြဌာန်းခဲ့သော ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅ (က) နှင့် (ခ) တို့ဖြစ်ကြောင်း၊ ပုဒ်မ ၆၆(ဃ)သည် လွတ် လပ်စွာထုတ်ဖော်ပြောဆိုခွင့်အား ကျင့်သုံးသူများအပေါ် ပစ်မှတ် ထား၍ အသုံးပြုလေ့ရှိသော ဥပဒေဖြစ်ကာ ယင်းဥပဒေဖြင့် တရားစွဲဆိုခံရပါက ပြစ်ဒဏ်ချ မှတ်နှုန်းသည် ရာနှုန်းပြည့်ဖြစ် ကြောင်း၊ ငြိမ်းစုစီဥပဒေကို တက်ကြွလှုပ်ရှားသူများနှင့် ဆန္ဒ ပြမှုများအား ဖိနှိပ်ရန်အသုံးပြုလေ့ ရှိကာ မတရားအသင်းဆက်သွယ် မှုဥပဒေပုဒ်မ ၁၇(၁)နှင့်(၂)တို့ သည် တက်ကြွလှုပ်ရှားသူများနှင့် သတင်းသမားများအပေါ် တရားစွဲဆိုနိုင်ရန် တွင်ကျယ်စွာအသုံးပြု လေ့ရှိသည့်ဥပဒေဖြစ်ကြောင်း၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅(က)နှင့်(ခ)တို့သည် သတင်း များထုတ်ပြန်ကြေညာခြင်း (သို့မ ဟုတ်)ဖြန့်ချိခြင်းတို့ပြုလုပ်သော နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအား တရားစွဲဆိုနိုင်ရန် အသုံးပြု လေ့ရှိကြောင်း၊ ဒီမိုကရေစီ အကူးအပြောင်းသို့ ရှေ့ဆက်လှမ်းနိုင်ရန် ထိုဥပဒေများကို ရုပ်သိမ်းရမည်ဖြစ်ပြီး နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လည်လွှတ်ပေးရမည်ဖြစ်ကြောင်းတို့ကို ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ (7Day) (AAPP)

စက်တင်ဘာလ ၁၆ ရက်နေ့တွင် ရှေ့ပြေးအသံအဖွဲ့မှ "မြန်မာနိုင်ငံမှအကျပ်အတည်း - အပြည်ပြည်ဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှု လုပ်ထုံးလုပ်နည်း ယန္တရားများ" ခေါင်းစဉ်ဖြင့် စာတမ်းတစ်စောင်ထုတ်ပြန်ခဲ့ သည်။ (NDB)

မြန်မာနိုင်ငံအတွင်း ပြစ်မှုကျူးလွန်သူတွေကို အပြစ်ပေးအရေးယူနိုင်ရန် ကျူးလွန်ခံရသူတွေအား တရားဥပဒေ၏ အကျိုးခံစားခွင့်ရစေရေး နိုင်ငံတကာအသိုင်းအဝိုင်းမှ တတ်နိုင်သမျှ ဆောင်ရွက်ရမည်ဟု လူ့အခွင့် အရေးဆိုင်ရာ နိုင်ငံတကာ အဖွဲ့ကြီး FIDHနှင့် အဖွဲ့ဝင်တွေဖြစ်သည့် အာရှအခြေစိုက် လူ့အခွင့်အရေး အဖွဲ့ ALTSEAN-Burma နှင့်Odhikar တို့၏ " No stone unturned- Q&A on accountability for crimes in Myanmar " ဆိုသည့် အစီရင်ခံစာသစ်တွင် ဖော်ပြထားသည်။ (VOA) (FIDH)

စက်တင်ဘာလ ၁၇ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့တွင် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် TNLAမှ ဖမ်းဆီးထားသည့် ဖမ်းဆီးထားသည့် မနန်းမိုဟွမ်အား ပြန်လည်လွှတ်မြောက် ရန်အတွက် ဒေသခံများမှ ဆန္ဒပြတောင်းဆိုမှုနှင့် ပတ်သတ်၍ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS/SSAA)မှ ကြေညာချက်တစောင်ထုတ်ပြန်ခဲ့သည်။ (TaiFreedom)

စက်တင်ဘာလ၁၈ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့၌ကျင်းပသည့် ၃၉ ကြိမ်မြောက် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်ညီလာခံတွင် မြန်မာနိုင်ငံ၏ အင်အားကြီးမားသောတပ်မတော်အား နိုင်ငံရေးမှ ဖယ်ထုတ်သင့်သည်ဟုကုလသမဂ္ဂ၏ နိုင်ငံတကာ လွတ်လပ်သောစုံစမ်းရေးကော်မရှင်မှ ပြောခဲ့သည်။ "**လူမျိုးတုံး သုတ်သင်ရှင်းလင်းမှု၊ လူသားဖြစ်တည်မှုကို ဆန့်ကျင်တဲ့ ရာဇဝတ်မှု၊ စစ်ရာဇဝတ်မှုတွေကို အခြေခံပြီး ဒီမိုကရေစီကို မတည်ဆောက်နိုင်ပါဘူး၊ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီမရှိရင် ဖွံ့ဖြိုးရေး မဖြစ်နိုင်ဘူးဆိုတာကို မြန်မာအနေနဲ့ သဘောပေါက်ပြီး ဖြစ်ပါတယ်၊ ဒီနှစ်ခုစလုံး ယိုယွင်းနေတာဟာ မြန်မာ့တပ်မတော်ကြောင့် ဖြစ်တယ်**"ဟု နိုင်ငံတကာ လွတ်လပ်တဲ့ စုံစမ်းရေး ကော်မရှင်အဖွဲ့ဝင်၊ ဩစတြေးလျနိုင်ငံသား Dominic Sidoti မှပြောသည်။ (Frontier )(Irrawaddy) (RFA) (BBC)

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ကျောက်နီမော်ကျေးရွာမှ အစ္စလာမ်ဘာသာဝင်တွေကို ကမန်တိုင်းရင်းသားအဖြစ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးခဲ့သည်ကို ဒေသခံရခိုင်နှင့် ကမန် အမျိုးသားတိုးတက်ရေးပါတီ၊ ရခိုင်အမျိုးသားကွန်ရက်တို့ ပူးပေါင်း၍ လုပ်ငန်းစဉ်မှာ မသမာမှုများရှိနိုင်သည့်အတွက် အရေးယူပေးဖို့သတင်းစာရှင်းလင်းပွဲကျင်းပ၍ ကြေညာချက်တစ်စောင် စက်တင်ဘာလ ၁၈ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ သတင်းစာရှင်းပွဲတွင် "ကမန်ဟာ ဘင်္ဂါလီရဲ့ထွက်ပေါက်ဖြစ်လာမလား" ဟု မေးခွန်းထုတ်ခဲ့ပြီး ဒေသခံများနှင့် ပွင့်လင်းမြင်သာစွာ ညှိနှိုင်းဆွေးနွေးမှုမရှိဘဲ အစိုးရက မှတ်ပုံတင် ထုတ်ပေးခြင်းသည် ကမန်လူမျိုးစုအတွက် အလွန်နစ်နာကြောင်း ရခိုင်အမျိုးသားကွန်ရက်ဥက္ကဋ္ဌ ဦးတင်ထူးအောင် မှပြောခဲ့သည်။(RFA) (MyanmarNow)

ရခိုင်ပြည်နယ် မြောက်ပိုင်းအရေးနှင့် ပတ်သက်သည့် အစိုးရအဆက်ဆက် ဖွဲ့စည်းခဲ့သော စုံစမ်းရေးကော်မရှင်များသည် ရိုဟင်ဂျာ မွတ်စလင်များအပေါ် ဖိနှိပ်မှုများ၊ အကြမ်းဖက်မှုများအား စုံစမ်းဖော်ထုတ်ရန် ပျက်ကွက်ခဲ့ကြောင်း၊ လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့ HRWမှ စက်တင်ဘာလ၁၉ရက်နေ့တွင် ကြေညာချက် တစ်စောင် ထုတ်ပြန်ခဲ့သည်။ (RFA)

မြန်မာနိုင်ငံကိုသွားရောက်ခဲ့သည့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျရယ်မီ ဟန့်မှ သူ့ခရီးစဉ်နှင့်ပတ်သက်၍ ကြေညာချက် တစ်စောင် စက်တင်ဘာလ၂၀ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ကြေညာချက်တွင် လူမဆန် ရက်စက်မှုကျူးလွန်ခဲ့သူတွေကို တရားဥပဒေအရ မဖြစ်မနေ အရေးယူ ဖို့လိုအပ်ကြောင်း ဖော်ပြထားသည်။ (RFA)

စက်တင်ဘာလ၂၁ ရက်နေ့တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့တွင် ကရင်အမျိုးသားအစည်းအရုံး (KNU)မှ သဝဏ်လွှာတစောင်ထုတ်ပြန်ခဲ့သည်။ သဝဏ်လွှာတွင် မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးကို ရှုထောင့်အမျိုးမျိုးနှင့် ရှုမြင်နေကြသလို နိုင်ငံလုံးဆိုင်ရာအပစ်ခတ်ရပ်စဲရေးစာချုပ်(NCA)ကိုလည်း အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုကြသည့်အတွက် NCA ကို ဆက်လက်ဆွေးနွေးဖို့ အခွင့်အလမ်းတွေ ပိတ်ဆို့နေသည်ဟု ဖော်ပြခဲ့သည်။ (DVB) (KNU)

စက်တင်ဘာလ၂၂ ရက်နေ့တွင် ကရင်ပြည်နယ် ဘားအံအကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်နေသည့် အကျဉ်းသားများအား ပြန်လည် ဖမ်းမိစေရန် KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ ပူးပေါင်းဆောင်ရွက်နေသည်ဟု ကြေညာချက်တစောင်ထုတ်ပြန်ခဲ့သည်။ (Mizzima)(KIC)

ရိုဟင်ဂျာမွတ်စလင်တွေကို မြန်မာ့တပ်မတော်မှ အစီအစဉ်ရှိရှိ စနစ်တကျ အကြမ်းဖက်ခဲ့တာဖြစ်ကြောင်း အမေရိကန်အစိုးရ နိုင်ငံခြားရေးဌာနမှ စက်တင်ဘာလ၂၄ ရက်နေ့တွင် အစီရင်ခံစာတစောင်ထုတ်ပြန်ခဲ့သည်။ (RFA) (7Day)

မြန်မာနိုင်ငံမှ ရိုဟင်ဂျာမွတ်စလင်များအပေါ် ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှု ကျူးလွန်သူများအပေါ် ပစ်မှတ်ထား ဒဏ်ခတ်မှုအသစ်များအား အမေရိကန်ပြည်ထောင်စုမှ ချမှတ်သင့်သည်ဟု စက်တင်ဘာလ ၂၅ ရက် နေ့စွဲဖြင့် Human Right Watch လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့မှ ကြေညာချက်တစောင်ထုတ်ပြန် ခဲ့သည်။ (RFA) (VOA)

စက်တာဘာလ ၂၄ ရက်နေ့တွင် နယူးယောက်မြို့၌ ဗြိတိန်နှင့် ပြင်သစ် ဦးဆောင်၍ ရိုဟင်ဂျာ အကျပ်အတည်းအပေါ် အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲတစ်ရပ်ကျင်းပပြီး အချက်ရှစ်ချက်ပါ ကြေညာချက်တစောင် ထုတ်ပြန်ခဲ့သည်။ ကြေညာချက်တွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏အကြံပြုချက်များကို အပြည့်အဝအကောင် အထည်ဖော်ရေးနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ မြန်မာအစိုးရ ကို ကူညီရန် တောင်းဆိုခဲ့သည်။ (7Day)

စက်တာဘာလ ၂၇ ရက်နေ့တွင် ရိုဟင်ဂျာ ၇ သိန်းကျော် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးရခြင်းနှင့်ပတ်သက်၍ မြန်မာစစ်တပ်မှ စနစ်တကျ နယ်မြေရှင်းလင်းရေးအတွက် ပြင်ဆင်သည့်အထောက်အထားများ၊ ခြိမ်းခြောက်မှုများ ပါဝင်သည့် ဗွီဒီယိုဖိုင်ကို FORTITY RIGHTS အဖွဲ့မှ ထုတ်ပြန်ခဲ့သည်။ (RFA)

တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် TNLA အနေနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိအောင် ကြိုးစားအားထုတ်နေသည့် အဖွဲ့အစည်းဖြစ်သည် နှင့်အညီ ဖမ်းဆီးထားသည့် ရှမ်းတိုင်းရင်းသူ နန်းမိုဟွမ် ကို အမြန်ဆုံးပြန်လည်လွှတ်ပေးခြင်းနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်မှာ TNLA၏ ကြိုးစားဆောင်ရွက်နေမှုတွေကို သက်သေပြနိုင်ဖို့ အလေးအနက်တိုက်တွန်းကြောင်း နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(AAPP)မှ စက်တင်ဘာလ၂၇ရက်နေ့တွင် ထုတ်ပြန်ချက်တစောင် ထုတ်ပြန်ခဲ့သည်။ (RFA) (StandardTime)

စက်တင်ဘာလ၂၇ ရက်နေ့တွင် ရန်ကုန်မြို့ ရွှေဂုံတိုင်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) တည်ထောင်ခြင်း နှစ် ၃၀ ပြည့် အခမ်းအနားတွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအသစ်ထူထောင်ရေး လုံးဝအောင်မြင်သည်အထိ ကြိုးပမ်းသွားရန် သန္နိဋ္ဌာန်ပြုထားကြောင်း ကြေညာချက်တစောင်ထုတ်ပြန်ခဲ့သည်။ (Mizzima)

**သဘောထားမှတ်ချက်**

စက်တင်ဘာလ ၁၆ ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး ABSDF ၏ ဗဟိုဌာနချုပ် ဒေါင်းတမာန်စခန်းတွင်ကျင်းပသော ဧကါဒသမအကြိမ် ညီလာခံမှ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး၏ မူလ ချမှတ်ခဲ့သည့် မူဂါဒ လမ်းစဉ် များအတိုင်း ဆက်လက်ကိုင်စွဲ၍ နိုင်ငံရေးပြဿနာများ ဖြေရှင်းနိုင်ရေး ကြိုးပမ်းသွားရန် ဆုံးဖြတ်ကြကြောင်း၊ အင်အားစု အားလုံးပါဝင်သည့် နိုင်ငံရေး စားပွဲဝိုင်းမှတဆင့် နိုင်ငံရေး ပြဿနာများ ဖြေရှင်းနိုင်ရန် ကြိုးပမ်းသွား မည်ဟု ပြန်လည်ရွေးချယ်ခံရသည့် ဒုဥက္ကဋ္ဌ မျိုးဝင်း မှ ပြောခဲ့သည်။ (NMG) (7DAY)

စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကလောတပ်နယ်ရှိ အရာရှိ၊ စစ်သည်များနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့တွေ့ဆုံရာတွင် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အချင်းချင်း တိုက်ခိုက် မှုကြောင့် နယ်မြေမတည်ငြိမ်မှုများ ဖြစ်ပေါ်ပြီး ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များကို ထိပါးလျက်ရှိသဖြင့် တပ်မတော် မှရှင်းလင်းဆောင်ရွက်နေရ ကြောင်း၊ ငြိမ်းချမ်းရေးကို အကြောင်းပြု၍ အင်အားနှင့် နယ်မြေတိုးချဲ့ တည်ဆောက်ခြင်း ရှိနေသည်ဟု ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ပြောကြားခဲ့သည်။ (7Day) (The Ladies)

စက်တင်ဘာလ ၁၆ ရက်နေ့တွင် စစ်တွေမြို့ရှိ စစ်ကဲတော်မင်းဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သော အရပ်ဖက်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီအချို့၏ စုဝေးဆွေးနွေးမှုတွင် ရခိုင်မြောက်ပိုင်းဒေသ၊ မောင်တော ခရိုင်ရှိ မွတ်ဆလင်လူငယ်များကို ကျောင်းဆရာအဖြစ် ခန့်အပ်ရန် စီစဉ်နေခြင်းနှင့် ပတ်သက်ပြီး ကန့်ကွက်ကြောင်းစာကို နိုင်ငံတော် သမ္မတရုံး၊ နိုင်ငံတော် အတိုင်ပင်ခံရုံး၊ ပြည်နယ်လွှတ်တော်နှင့် ပြည်နယ် ဝန်ကြီးချုပ်တို့ ထံသို့ ရက်ပိုင်းအတွင်း ပေးပို့သွားမည်ဟု တက်ရောက်လာသူများမှ တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သည်။ (Mizzima)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ပြောကြားသည့်နိုင်ငံတော်အစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်ချက်မှုဆိုင်ရာ အစီရင်ခံတင်ပြချက် ကိုအောက်ပါလင့်တွင်ဖတ်ရှုနိုင်ပါသည်။ (ScOffice)(PresidentOffice) (TheLadies) (RFA) (Mizzima)

ရိုဟင်ဂျာမူဆလင်တွေအပေါ် ရာဇဝတ်မှုတွေ ကျူးလွန်ခဲ့သည်ဟူသာ စွပ်စွဲချက်တွေအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုဆိုင်ရာခုံရုံး (ICC)မှ ကနဦးစုံစမ်းမှုတွေ စတင်ဆောင်ရွက်တော့မည်ဟု ခုံရုံး၏ ရှေ့နေချုပ် Ms Fatou Bensoudaမှ စက်တင်ဘာလ၁၈ရက်နေ့တွင်ပြောခဲ့သည်။ **"အိုင်စီစီတင်ရေးအတွက် နောက်တဆင့် ဆက်ပြီး လုပ်ဆောင်ဖို့ ကျွန်မ ဆုံးဖြတ်လိုက်ပါပြီ။ လက်ရှိ အခြေအနေနဲ့ ပတ်သက်ပြီး ကနဦး လေ့လာသုံးသပ်မှု အပြည့်အဝ ပြုလုပ်သွားမှာ ဖြစ်ပါတယ်"** ဟု Bensouda မှပြောသည်။ (Frontier)

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှာ ကျင်းပသည့် ၇၃ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ တက်ရောက်ရေး အစီအစဉ်ဆိုင်ရာ ဆွေးနွေးပွဲအပြီး ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး မာမွတ်အလီမှ ရိုဟင်ဂျာပြဿနာသည် မြန်မာနိုင်ငံမှာ စတင်ခဲ့တာဖြစ်ပြီး၊ ပြဿနာ ဖြေရှင်းရေးဟာလည်း မြန်မာနိုင်ငံအတွင်းမှာပဲ ရှိနေတာဖြစ်ကြောင်းပြောကြားခဲ့သည်။ (RFA)

ရခိုင်အရေးနှင့် ပတ်သက်၍ မြန်မာကို နိုင်ငံတကာရာဇဝတ်မှုခုံရုံး(ICC) တင်ဖို့ နိုင်ငံတကာမှ ဖိအားပေးနေတာတွေကြောင့် မြန်မာပြည်တွင်း ကြီးမားသည့် ဖိအားတွေကြုံနေရပြီးဖိအားတွေထဲမှ အသွင်ကူးပြောင်း ရေးကို လမ်းလွဲသွားစေနိုင်သည့် အချက်တွေ ပါဝင်သည်ဟု နိုင်ငံတော်အတိုင်ပင်ခံရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးမှ စက်တင်ဘာ၂၁ရက်နေ့ကျင်းပသော နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အခြေအနေများ အား သမ္မတရုံး သတင်းစာရှင်းလင်း ပွဲတွင်ပြောကြားခဲ့သည်။ထို့ပြင် ကယားပြည်နယ်အခြေစိုက် လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သော ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့ လွတ်မြောက်ရေး တပ်ဦး (KNPLF) ကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)မှ သစ်ထုတ် ခြင်းနှင့်ဆိုင်သည့် ခွင့်ပြုခြင်းအပေါ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အေဂျင်စီ (EIA) မှ ကန့်ကွက်ခြင်းနှင့်ပတ်သက်ပြီး မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းကိုမျှ သစ်ပါမစ်များ ခွင့်ပြုပေးတော့မည်မဟုတ်ကြောင်း၊ ရိုက်တာသတင်းထောက်နှစ်ဦးကိစ္စနှင့် ပတ်သက်၍ သတင်းသမား များအနေဖြင့် မိမိတို့ ကြုံတွေ့နေရသည့် စိုးရိမ်ပူပန်မှုများနှင့်ပတ်သက်ပြီး အစိုးရနှင့်သော်လည်းကောင်း၊လုံခြုံရေးတပ်ဖွဲ့များနှင့်သော်လည်းကောင်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းရန်လိုအပ်သည်ဟု ဦးဇော်ဌေး မှပြောခဲ့သည်။ (RFA) (7Day) (NMG) (Irrawaddy)

စက်တင်ဘာလ ၂၁ ရက်နေ့ ညနေပိုင်းတွင် ရခိုင်ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံရာတွင် ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်ပြီး ပြည်ထောင်စုအစိုးရက ဗဟိုမှ ချုပ်ကိုင်လုပ်ဆောင် နေခြင်းထက် ပြည်နယ်အစိုးရကိုလည်း လုပ်ပိုင်ခွင့် ပိုပေးရန် ရခိုင်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှ တောင်းဆိုခဲ့သည်။ (Narinjara)

ထောင်ဒဏ်ချမှတ်ခံထားရသော Reuter's သတင်းထောက်နှစ်ဦး ကို ပြန်လွှတ်ပေးရန် ကုလသမဂ္ဂ အတွင်းရေးမှူး ချုပ် အန်တိုနီယိုဂူတာရက်စ်မှ မြန်မာအစိုးရထံ တောင်းဆိုခဲ့သည်။ (7Day)

မြန်မာနိုင်ငံကို အပြည် ပြည်ဆိုင်ရာတရားရုံး(ICJ)မှစစ်ဆေးရန်နှင့် ကုလလုံခြုံရေးကောင်စီမှ ထိထိရောက်ရောက် ဆောင်ရွက်ဖို့လိုသည်ဟု ဘင်္ဂလားဒေ့ရှ် နိုင်ငံ ရာမူးခေါ် ပန်းဂါ ဗဟိုသိမ်ကျောင်း က လက်ထောက် ညွှန်ကြားရေးမှူး လည်းဖြစ် ဗုဒ္ဓဘာသာ ခေါင်းဆောင်တဦးလည်းဖြစ်သည့် Projya Nanda မှ VOAသတင်းဌာနသို့ပြောခဲ့သည်။ (VOA)

နယ်စပ်ဒေသ ဒုက္ခသည်စခန်းများရှိ ကရင်တိုင်းရင်းသားများ၊ ရွှေ့ပြောင်းအလုပ်သမားများ၊ ဒေသခံနှင့် အခြေခံ ပြည်သူများအတွက် ရည်ရွယ်ပြီး KNU-ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ(၇) ကုမ္ပဏီတစ်ခု ဖြစ်သည့် Stepping Stone Company Limited မှ မြဝတီမြို့တွင် စိမ်းလဲ့မြိုင်စီမံကိန်းအမည်ဖြင့် တန်ဖိုးနည်းအိမ်ရာ တစ်ခု တည်ဆောက်ရန် စီစဉ်လျက်ရှိသည်ဟု စီမံကိန်းဖြစ်မြောက်ရေးတာဝန်ခံတစ်ဦးဖြစ်သည့် ဗိုလ်မိုရှေးမှ ပြောခဲ့သည်။ (KIC)

စက်တင်ဘာလ ၂၄ ရက်နေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်တရားရုံးမှ ထောင်ဒဏ် ၈ လ ချမှတ်ပြီးနောက် လွတ်ရစေ၍ လွတ်လာမည့်သူများကို နောက်ထပ် ပုဒ်မတစ်ခုဖြင့် တရားရုံးတွင် ရမန်ယူပြီး ထပ်မံဖမ်း ဆီးခြင်းနှင့် ပတ်သတ်၍ စစ်တွေမြို့ရှိ ရခိုင်အမျိုးသားပါတီ ဗဟိုဌာနချုပ်ရုံးတွင် ည ၉ နာရီကျော်အချိန်၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာ ပြစ်ဒဏ်ချမှတ်ခံရပြီးနောက် ချုပ်ရက်စေ့၍ လွတ်လာသူများကို နောက်အမှုတစ်ခု ဖန်တီးပြီး ထပ်မံဖမ်းဆီး တရားစွဲဆိုခြင်းမှာ တရားရုံးသည် လွှမ်းမိုးမှုတစ်စုံတစ်ရာအောက် ရောက်နေပြီဟု ရခိုင်အမျိုးသားပါတီ ဒုဥက္ကဋ္ဌ ဒေါ်အေးနုစိန်မှ သတင်းထောက်များအား ပြောခဲ့သည်။ (Narinjara)

စက်တင်ဘာလ ၂၅ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ဂါရှင်တန်ဒီစီ အောက်လွှတ်တော်ကြားနာပွဲတွင် အောက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီ ဥက္ကဋ္ဌ မစ္စတာ အက်ဒ်ရွိုက်စ်မှ - ရိုဟင်ဂျာ မွတ်စလင် တွေအပေါ် မြန်မာတပ်မတော်မှ ကျူးလွန်သည့် ရာဇဝတ်မှုတွေကို "လူမျိုးတုံးသတ်ဖြတ်မှု" အဖြစ် အမေရိကန်အစိုးရမှ တရားဝင်သုံးနှုန်းရန် တိုက်တွန်းခဲ့သည်။ (RFA) (RFA) (VOA)

စက်တင်ဘာလ ၂၅ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့မှာကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံကို တက်ရောက်လာသော ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ရှိတ်ဟာစီနာမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ခိုလှုံနေကြသည့် မြန်မာနိုင်ငံမှ သိန်းချီသောရိုဟင်ဂျာတွေကို ပြန်လည်လက်ခံမယ့် လုပ်ငန်းစဉ်တွေကို မြန်မာအစိုးရဘက်မှ နှောင့်နှေးအောင်လုပ်နေသည်ဟုရိုက်တာသတင်းဌာနသို့ ပြောခဲ့သည်။ (VOA)

စက်တင်ဘာလ ၂၆ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဖိုးစိန်လမ်းရှိ Green Hill ဟိုတယ်၌ CA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ အမျိုးသမီးများမှ ဦးဆောင် ပြုလုပ်သော 'ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ' တွင် လက်ရှိ နိုင်ငံရေးဆွေးနွေးပွဲများတွင် အစိုးရက သဘောထားတစ်ခု၊ တပ်မတော်က သဘောထားတစ်ခုဖြင့် သပ်သပ်စီ ဆွေးနွေးနေကြပြီး အဆိုပါ ကိစ္စနှင့်ပတ်သက်၍ သဘောထားတစ်ခုတည်းကို ဆွေးနွေးပါက ပိုကောင်းသည်ဟု ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ပါတီ၏ အထွေထွေအတွင်းရေးမှူး ဦးစိုင်းညွှန့်လွင်မှ ပြောကြားခဲ့သည်။ (Eleven)

စက်တင်ဘာလ ၂၆ ရက်နေ့တွင် ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာမွတ်စလင်များ ချေမှုန်းသတ်ဖြတ်ခံခဲ့ရမှုတွေအတွက် တာဝန်ရှိသူတွေကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေနှင့် နိုင်ငံတကာအဆင့် တရားစီရင်မှု ပြုလုပ်နိုင်ရန် ဆောင်ရွက်ဖို့ မလေးရှား နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ကနေဒီ ဂျာဝမ် မှပြောခဲ့သည်။ (RFA)

ထိုင်းနိုင်ငံအတွင်း တွေ့ရှိရသည့် မူးယစ်ဆေးဝါးများမှာ UWSA"ဝ"မှ ထုတ်လုပ်ထားသည့် ဆိုသည့် သတင်းမှာ မမှန်သတင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဦးညီရမ်းမှ စက်တင်ဘာလ ၂၆ ရက် ညပိုင်းတွင် ဖေ့ဘွတ်ခ်လူမှုကွန်ရက်တွင် ရေးသားခဲ့သည်။ (Mizzima)

စက်တင်ဘာလ ၂၆ရက်နေ့တွင် နယူးယောက် ကုလသမဂ္ဂ ရုံးချုပ်မှာ ကျင်းပနေသည့် ၇၃ ကြိမ်မြောက်အထွေထွေညီလာခံကြီးတွင် ဗြိတိန်ဝန်ကြီးချုပ် Theresa Mayမှ မြန်မာနိုင်ငံတွင်း ဖြစ်ပွါးနေသော ဆိုးဝါးသည့် လုပ်ရပ်တွေအတွက် မြန်မာ အာဏာပိုင်တွေဘက်မှ တာဝန်ခံတာဝန်ယူမှု ရှိလာအောင် လုပ်ဆောင်ပေးဖို့ ကမ္ဘာ့ခေါင်းဆောင်တွေကိုပြန်ကြားခဲ့သည်။ (VOA)

စက်တင်ဘာလ၂၇ ရက်နေ့တွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့ ပူးပေါင်းပြီး နေပြည်တော်ရှိ Park Royal ဟိုတယ်တွင် ပြုလုပ်သည့် စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲအပြီးတွင် ရခိုင်ပြည်နယ်မှ ထွက်ပြေးသွားသူတွေ ပြန်လာနိုင်ဖို့ တဖက်နှင့် တဖက် အပြစ်တင်နေတာတွေထက် မြန်မာနှင့်ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြမှ တိုက်တွန်းခဲ့သည်။ (RFA)

မြန်မာနိုင်ငံမှာ ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုတွေနှင့်ပတ်သက်ပြီး တာဝန်ရှိသူတွေကို တရားဥပဒေကြောင်းအရ စွဲချက်တင်ရေးနှင့်သက်သေအထောက်အထားတွေ စုဆောင်းထိန်းသိမ်း လေ့လာစိစစ်မည့် အဖွဲ့တစ်ခုကို ဖွဲ့စည်းရန် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ (United Nations Human Rights Council)မှ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။ အဖွဲ့ ဖွဲ့စည်းရေးအတွက် မဲခွဲဆုံးဖြတ်ရာမှာ UNHRC အဖွဲ့ဝင်နိုင်ငံ ၄၇ နိုင်ငံမှ ၃၅ နိုင်ငံက ထောက်ခံခဲ့ပြီး တရုတ်၊ ဖိလစ်ပိုင်နှင့်ဘူရွန်းဒီ နိုင်ငံ ၃ ခုမှ ကန့်ကွက်ခဲ့သည်။ (RFA) (Eleven)

## တိုင်းရင်းသားပါတီများ

စက်တင်ဘာလ ၁၄ ရက်နေ့တွင် ကျောက်မဲမြို့ကျောင်းယွက် ဘုန်းကြီးကျောင်း၌ သျှမ်းသံဃာတော်များအဖွဲ့၊ လူထု၊ ကျားခေါင်းပါတီ၊ ကျားဖြူပါတီ၊ စာပေယဉ်ကျေးမှုအဖွဲ့၊ နမ့်ခုံးသျှမ်း များ ပရဟိတအသင်း၊ ဂုန်းမေတ္တာ အဖွဲ့တို့စုပေါင်း၍ သျှမ်းပြည်အနာဂတ်နိုင်ငံရေး၊ သျှမ်းတပ် ၂ ခု ပေါင်းစည်းရေး ပြဿနာများ ဆွေးနွေးခဲ့သည်။ အဆိုပါတွေ့ဆုံဆွေးနွေးမှုတွင် ဂင်ရောက်ဆွေးနွေးသူအင်အား ၂၀၀ ခန့်ရှိကြောင်း၊ နှင့် သျှမ်းပြည်တပ်မတော်အချင်းချင်းပစ်ခတ်နေမှုများ ရပ်တန့်ရန်၊ မျိုးဆက် သစ်များအား သမိုင်းဆိုး မချန်ထားပေးရန်နှင့် ကမ္ဘာ့အလယ်တွင် အရှက်တကွဲ အကျိုးနည်းအောင်မပြုရန်၊ သျှမ်းပြည်တပ်မတော်အချင်းချင်း အပစ်အခတ်ရပ်စဲနိုင်ရေးအတွက် ၂ ဖက်ခေါင်းဆောင်များ တွေ့ဆုံမှုပြုရန်၊ သျှမ်းပြည်လူထုနှင့်သံဃာတော်များ၏ ဆန္ဒသဘောထားကို ဂရုမမူဘဲ အချင်းချင်း ပစ်ခတ်မှုဖြစ်ပွါးအောင် စတင်လုပ်ဆောင်ပါက အဆိုပါတပ်ဖွဲ့အား ပြင်းပြင်းထန်ထန်ဆန့်ကျင်ကန့်ကွက်သွားမည်ဟု သဘောတူညီချက် (၄) ချက်ရရှိခဲ့သည်။ (ShanNew)

စက်ဘာလ၁၅ရက်နေ့တွင် မော်လမြိုင်မြို့၌ကျင်းပပြီးစီးသည့် မွန်အဖွဲ့အစည်းများ၏ (၂၁) ရာစုပင်လုံညီလာခံ ပြန်လည်သုံးသပ်ပွဲမှ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ နောက်ထပ်တစ်ကြိမ်ထပ်မံကျင်းပရန်ဆုံးဖြတ်ခဲ့ကြသည်။ **"ရေးမြို့မှာ ပြုလုပ်ခဲ့ပြီးတဲ့ မွန်လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို အချိန်တိုတိုနဲ့ အရင်စလိုလုပ်ခဲ့ရတော့ အားနည်းချက်တွေ အထူးသဖြင့် မူဝါဒပိုင်းတွေ ပါဝင်မှုအားနည်းခဲ့တယ်၊ ဒါကြောင့် လာမယ့် ပင်လုံစတုတ္ထအစည်းအဝေး မကျင်းပခင်မှာ မွန်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ဒုတိယအကြိမ် ထပ်လုပ်ချင်တယ်၊ လုပ်ဖို့လည်း စီစဉ်ထားတယ်"** ဟု မွန်ပြည်သစ်ပါတီ ပြည်တွင်းရေးရာဌာန ဒုတိယတာဝန်ခံ နိုင်ဟံသာဗိန်ခိုင်မှ ပြောခဲ့သည်။(MonNews)

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရခိုင်ပြည်နယ်နှင့်ရန်ကုန်တိုင်းတို့တွင် နိုဝင်ဘာလ၃ ရက်နေ့တွင် ကျင်းပမည့်ကြားဖြတ်ရွေးကောက်ပွဲ၌ စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ် (UNA)မှ ကိုယ်စားလှယ်လောင်း ၉ ယောက် ဝင်ရောက် ယှဉ်ပြိုင်မည်ဟု UNAအဖွဲ့ဝင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အထွေထွေ အတွင်းရေးမှူး စိုင်းညွှန့်လွင်မှပြောခဲ့သည်။ ကြားဖြတ်ရွေးကောက်ပွဲဝင်ရောက်ယှည်ပြိုင်ရန် ချင်းဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီ အဖွဲ့ချုပ်၊ ရှမ်းနီ (တိုင်းလိုင်) နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီတို့မှ ကိုယ်စားလှယ်များကိုရွေးချယ်ထားသည်ဟု စိုင်းညွှန့်လွင်မှပြောခဲ့သည်။ (DVB)

စက်တင်ဘာလ၁၈ရက်နေ့တွင် နိုင်ငံရေးပါတီအဖြစ် ရပ်တည်နေသည့် ကရင်ပြည်သူ့ပါတီ (KPP)အနေဖြင့် ဧရာဝတီတိုင်း ဒေသကြီး အတွင်း အောက်ခြေ ကျေးရွာ၊ ရပ်ကွက်များမှစပြီး အခိုင်အမာ ပြန်လည်ဖွဲ့စည်းသွားမည်ဟု KPP ဧရာဝတီတိုင်းဒေသကြီးဥက္ကဋ္ဌ စောသောမစ်မှပြောသည်။ (KIC)

စက်ဘာလ၂၁ရက်နေ့တွင် မော်လမြိုင်မြို့ရှိ တော်ဝင်ဟသ်ာ Royal Hotel ၌ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ၊ မွန်အမျိုးသားပါတီနှင့် မွန်ကိုယ်စားပြုပါတီ အကောင်အထည်ဖော်ဆောင်ရေး အဖွဲ့တို့ပူးပေါင်း၍ မွန်နိုင်ငံရေးပါတီပေါင်းစည်းရေးလက်မှတ်ရေးထိုးသူ ခေါင်းဆောင်များနှင့် အသိသက်သေများ(MNA)အခမ်းအနား ပွဲကိုကျင်းပခဲ့သည်။ အခမ်းအနားသို့ မွန်တိုင်းရင်းသားတစ်ထောင်ကျော် တက်ရောက်ပြီး၊

မွန်အမျိုးသားပါတီ MNP ဥက္ကဌ နိုင်တင်အောင်၊ မွန်ဒေသလုံး ဆိုင်ရာဒီမိုကရေစီပါတီ AMDP ဒု ဥက္ကဌ(၁) နိုင်လှအောင်နှင့် ပြင်ပမွန်နိုင်ငံရေးအင်အားစုများကိုယ်စား နိုင်တလညီတို့မှ ပေါင်းစည်းရေးသဘောတူညီချက်အား လက်မှတ်ရေးထိုး၍ မွန်ပြည်သစ်ပါတီ NMSP အထွေထွေအတွင်းရေးမှူး နိုင်အောင်မင်း၊ အငြိမ်းစား တိုင်းဒေသကြီး ဥပဒေချုပ်(မန္တလေး) နိုင်ရဲအောင်မြင့်၊ မိအုံးရီ(အငြိမ်းစား အထကကျောင်းအုပ်) နှင့် ဗညားစိုင်းမွန်(မွန်စာရေးဆရာ) တို့ အသိသက်သေများ အဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည်။ (VOA) (MonNews)

## အခြား

စက်တင်ဘာလ ၁၅ ရက်နေ့ နံနက် ၉ နာရီ၌ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ တံခွန်တိုင် အဝိုင်းပတ်လည်နေရာတွင် စစ်မှုထမ်းဟောင်းအဖွဲ့၏ ဒုတိယအကြိမ် တပ်မတော်ထောက်ခံပွဲ ပြုလုပ်ခဲ့သည်။ တပ်မတော်ထောက်ခံပွဲအား စစ်မှုထမ်းဟောင်းအဖွဲ့မှ ဦးဆောင်၍ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ (Mizzima) (RFA)

စက်တင်ဘာလ၁၆ ရက်နေ့တွင် ရခိုင်ပြည်နယ် ကျောက်တော်မြို့အရှေ့ဘက်ကမ်းက လမ်းတော်၊ ညောင်ပင်လှ၊ ပိန္နဲချောင်းစတဲ့ ကျေးရွာတွေက လယ်ယာမြေ ဧက ဧက ၁၃၀၀ ကျော်ကို တပ်မတော်က သိမ်းယူထားတဲ့ လယ်ယာမြေတွေကို ပြန်လည်ပေးအပ် ထားကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်မှ လွှတ်တော်မှာ ပြောကြားခဲ့သော်လည်း လက်တွေ့တွင် မြေယာတွေ ပြန်မပေးသေးသောကြောင့် ဒေသခံများမှ ကျောက်တော်မြို့တွင် ဆန္ဒပြခဲ့ကြသည်။ (RFA)

စက်တင်ဘာလ ၁၆ ရက်နေ့၌ ရန်ကုန်မြို့တော်ခန်းမရှေ့တွင် သတင်းမီဒီယာသမား ၁၀၀ ကျော်မှ လွတ်လပ်စွာသတင်းယူခွင့်ရရှိရေးဖြင့် ထောင်ဒဏ် ၇ နှစ် ချမှတ်ခံထားရတဲ့ ရိုက်တာသတင်းထောက် နှစ်ဦး လွတ်မြောက်ရေးအတွက် လူသတ်မှုသည် နိုင်ငံတော်လျှို့ဝှက်ချက် မဟုတ်၊ အမှန်တရားကိုဖေါ်ထုတ်တာ ရာဇဝတ်မှု မဟုတ် ဟူသော စာသားများပါဝင်သည့် ပိုစတာများဖြင့် တနင်္ဂနွေနေ့ညနေတွင် စုပေါင်းဆန္ဒပြခဲ့သည်။ (RFA)

စက်တင်ဘာလ ၁၇ ရက်နေ့မနက်ပိုင်း ၈ နာရီတွင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့တွင် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA)မှ ဖမ်းဆီးထားသည့် မနန်းမိုဟွမ်အား တလပြည့်တွင် ပြန်လည်လွတ်မြောက်ရန်အတွက် ဒေသခံများမှ နမ့်ခမ်းမြို့လယ်အား တပတ်ပတ်ပြီး ငြိမ်းချမ်းစွာ ဆန္ဒပြတောင်းဆိုခဲ့သည်။ (ShanNews)(NMG)(TheVoice)(TaiFreedom) (VOA) (RFA) (BBC) (MyanmarNow) (MMT) (The Ladies)

နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ  ကျောင်းသားများအား အထူးအခွင့်အရေးအဖြစ် စာမေးပွဲအမှတ်အကန့်အသတ်မရှိ ဆေးတက္ကသိုလ် လျှောက်ထားခွင့်ပေးမည့် အစီအစဉ်ကို အစိုးရမှ စက်တင်ဘာလဆန်းတွင် ထုတ်ပြန်ကြေညာပြီးဖြစ်သည့်အတွက် ရခိုင်ပြည်နယ်ရှိ ပဋိပက္ခဒေသလူငယ်များလည်း ပါဝင်ခွင့်ရသင့်သည်ဟု  ဘူးသီးတောင်မြို့ ပြည်သူ့လွှတ်တော်အမတ် ဦးအောင်သောင်းရွှေမှ စက်တင်ဘာလ ၁၇ ရက်နေ့တွင်ပြောခဲ့သည်။ (Myanmar Now) (Mizzima)

စက်တင်ဘာလ ၁၈ ရက် မွန်းလွဲပိုင်းတွင် သဃ်န်းကျွန်းမြို့နယ်ရှိ ဓမ္မပီယကျောင်းတိုက်၌ကျင်းပသော နိုင်ငံလုံးဆိုင်ရာ ၁၁ ကြိမ်မြောက် ရွှေဝါရောင်တော်လှန်ရေး အခမ်းအနား၌ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ မဖျက်သိမ်းနိုင်သေးသရွေ့ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးမရနိုင်ကြောင်း ရွှေဝါရောင်တော်လှန်ရေးသံဃာများ ကိုယ်စားပြုသည့် ဆရာတော် ဦးဣန္ဒသရိယမှ မိန့်ကြားခဲ့သည်။ (TheVoice)

စက်တင်ဘာလ၁၈ရက်နေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ မှားယွင်းနေသော ကချင်မျိုးနွယ်များ၏ သတ်မှတ်ချက်ဥပဒေများကို ပယ်ဖျက်ပေးရန် ကချင်မျိုးနွယ်စုများမှ နေပြည်တော်တွင် နိုင်ငံတော်အဆင့် အစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့သော အကြောင်းအရာများကို သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ သတင်းစာရှင်းလင်းပွဲတွင် ၁၉၅၅၊ အောက်တိုဘာလ (၇)ရက်နေ့တွင် နိုင်ငံတော် သမ္မတ၏ အထူးထုတ်ပြန်ချက်မှာ ကချင်မျိုးနွယ် (၆)မျိုး၏ အမည်နာမအချို့မှားယွင်းနေခြင်း၊ ၁၉၈၃ ခုနှစ်တွင် လဝက သန်းခေါင်စာရင်းအရ ကချင်လူမျိုးများ လူမျိုး (၁၂)မျိုး ဖြစ်နေကြောင်းနှင့် ၂၀၁၃ ခုနှစ် အောက်တိုဘာလ (၁)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော လဝက ဝန်ကြီးဌာန လူဦးရေစခန့်မှန်းစာရင်းတွင် ကချင်မျိုးနွယ်တွင် ဂိုမ်းဖော့မျိုးနွယ်တစ်ခုသာဖြစ်ပြီး ကျန်မျိုးနွယ်(၅)ခုမှ ပြည်နယ်သား မဟုတ်သည့် အခြေအနေသို့ သက်ရောက်နေသောကြောင့် ကချင်မျိုးနွယ် (၆)ခု၏ တာဝန်ရှိသူများမှ သဘောတူညီစွာ သွားရောက်တင်ပြဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်းကို ဖိုင်ဝါးစာပေနှင့်ယဉ်ကျေးမှုအသင်း ဒုတိယ တာဝန်ခံ Slg. La Nu (ဦးလနူး) မှ ပြောခဲ့သည်။  (KachinNews)

စက်တင်ဘာလ၁၉ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ကြီးမြို့၌ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် NCA လက်မှတ်ထိုးထားသည့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် PNLOမှ ဦးဆောင်ပြီး ၂၁ ရာစုပင်လုံညီလာခံ ဆွေးနွေးပွဲရလဒ်များ ပြန်လည်သုံးသပ်ပွဲကိုကျင်းပခဲ့သည်။ (RFA)

ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် အကူအညီပေးမယ့် ကမ္ဘာ့ဘဏ်မှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကို ရခိုင်ပြည်နယ်အလယ်ပိုင်း ဖွံ့ဖြိုးမှုအနည်းဆုံးဒေသတွေမှာ အဓိက ဦးစားပေး အကောင်အထည်ဖော်ဖို့ စစ်တွေမြို့ခံတွေမှ အကြံပြုခဲ့သည်ဟု စစ်တွေမြို့ခံ ဦးသန်းထွန်းမှပြောသည်။ (RFA)

စက်တင်ဘာလ၂၀ရက်နေ့တွင် ဂျပန်ရောက် ကချင်လူမျိုးများမှ မြန်မာ့တပ်မတော်မှ ကချင်၊ ကရင်၊ ရှမ်း နှင့် ရခိုင်ပြည်နယ် ဒေသများတွင် မတရားကျူးကျော် ထိုးစစ်ဆင်မှုများ ချက်ချင်းရပ်တန့်ပြီး စစ်သားများကို အမြန်ဆုံးရုပ်သိမ်းပေးရန် ဂျပန်နိုင်ငံရှိ မြန်မာသံရုံးရှေ့၌ ဆန္ဒပြ တောင်းဆိုမှုပြုလုပ်ခဲ့သည်။ (KachinNews)

ဟသ်ာတမြို့နယ်၊ ကရင်ပြည်သူ့ပါတီ (KPP) ရုံး၌ ဩဂုတ်လ ၁၂ရက်နေ့တွင် ကျင်းပခဲ့သည့် (၆၈) ကြိမ် မြောက် ကရင်အာဇာနည်နေ့ကို ဦးဆောင်ကျင်းပသူ ၄ ဦးအား ရပ်ကျေးဥပဒေ ပုဒ်မ ၂၆ ဖြင့် ဆက်လက်တရားစွဲဆိုသွားမည်ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်မှ စက်တင်ဘာလ ၂၁ရက်နေ့တွင် ပြောကြားခဲ့သည်။ (KIC)

စက်တင်ဘာလ (၂၁) ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့အခမ်းအနားကို ကယားပြည်နယ်တွင် ကျင်းပရန် မူလကစီစဉ်ထားခဲ့သော်လည်း အဆိုပါ ကန့်သတ်ချက်များကြောင့် ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့တွင် ပြောင်းရွှေ့ပြုလုပ်ခဲ့ရကြောင်း ကယန်းအမျိုးသမီးအစည်းအရုံး၏ အထွေထွေအတွင်းရေးမှူး မူကလိုရီယာမှပြောခဲ့သည်။ (Kantarawaddy)

စက်တင်ဘာလ (၂၂) ရက်နေ့တွင် ချင်းပြည်နယ် တီးတိန်မြို့နယ်တွင် ချင်းပြည်နယ်ကိုဖြတ်သန်းပြီး အိန္ဒိယနိုင်ငံသို့ သွားရောက်မည်ဟု ယူဆရသည့် ရခိုင်လူငယ် (၅) ဦးကိုဖမ်းဆီးထားသည်ဟု ချင်းပြည်နယ် နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီး ဦးဟန်ဝင်းအောင်မှပြောခဲ့သည်။ (Khonumthung) (BBC)

ရွှေဘိုမြို့နယ် ပလိုင်းကျေးရွာအုပ်စုတွင် စက်တင်ဘာလ၈ရက်နေ့၌ ရွှေဘိုခရိုင် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီဝင်တွေနှင့် ဒေသခံတောင်သူတချို့ တွေ့ဆုံရာတွင် နိုင်ငံတော်အထိတ်တလန့်ဖြစ်စေမှု၊ လူမျိုးခွဲခြားပြောဆိုမှုတွေကြောင့် ရွှေဘိုခရိုင် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ ဥက္ကဌ အပါအဝင် ၃ ဦးကို နိုင်ငံတော် အကြည်အညိုပျက်စေမှု ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅ ခ နှင့် ရွှေဘိုမြို့နယ် ရဲတပ်ဖွဲ့မှူးမှ တရားလိုလုပ်ပြီး တရားစွဲဆိုထားသည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ ရွှေဘိုမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးကျော်သူမှ စက်တင်ဘာလ၂၂ရက်နေ့တွင် RFAသတင်းဌာနသို့ပြောခဲ့သည်။ (RFA)

စက်တင်ဘာလ၂၄ရက်နေ့ ညပိုင်းတွင် အမေရိကန် ပြည်ထောင်စု နယူးယောက်မြို့၌ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့(AI)မှကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဓာတ်ပုံမှာ လူအများအပြားသတ်မှုအတွက် အလိုရှိသည်ဆိုသည့် စာတမ်းပါပိုစတာများအား နယူးယောက်မြို့တဝိုက်နေရာ ၃၀ခန့်နှင့်ထရပ်ကားများတွင် ကပ်၍လှုံ့ဆော်ခဲ့ကြသည်။ **"သူ့စစ်တပ်ဟာ မြန်မာနိုင်ငံမြောက်ပိုင်းပြည်တွင်းစစ်ဖြစ်ရာဒေသက လူနည်းစု တွေ အပေါ်မှာလည်း လူအမြောက်အမြားအပေါ် ရက်စက်စွာ ကျူးလွန်တဲ့ ရာဇဝတ်မှု (Crimes Against Humanity) ကျူးလွန်ခဲ့ပါတယ်။ ဒါ့ကြောင့် ဒီလုပ်ရပ်တွေ အတွက် တာဝန်ယူရေးကို ဆွေးနွေးကြချိန်မှာ ကမ္ဘာ့ခေါင်းဆောင်တွေရဲ့ စိတ်ထဲမှာ သူ့မျက်နှာကို မြင်နေစေချင်တာပါ"** ဟု Amnesty International အတွင်းရေးမှူး ကူမိနိုင်ဒူးမှပြောခဲ့သည်။ (RFA) (BBC)

စက်တင်ဘာလ၂၄ရက်နေ့တွင် ရွှေပြည်သာမြို့နယ် ငြိမ်းချမ်းအေးကံညီနောင် ကျောင်းတိုက်၌ရန်ကုန်ရောက် ရခိုင်လူငယ်များဖြင့် ဖွဲ့စည်းထားသည့် ရခိုင်အသင်းအဖွဲ့များ၏ တွေ့ဆုံဆွေးနွေးပွဲကိုကျင်းပခဲ့သည်။ " **အဓိက အနေဖြင့် ပရဟိတ၊ လူမှုရေး၊ သာသာရေး၊ သာရေးနာရေး ကိစ္စများကို အချိတ်ဆက်မိစွာ လက်တွဲပူးပေါင်းလုပ်ဆောင်နိုင်ရေးအတွက် ရည်ရွယ်ပြီး ယခုလို တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ရခြင်း ဖြစ်ပါတယ်"** ဟု တွေ့ဆုံပွဲကို စီစဉ်သူ ရခိုင်လူငယ်များပရဟိတအသင်းမှ အရှင်သဘာဝ နဒီမှပြောခဲ့သည်။ တွေ့ဆုံပွဲသို့ ရန်ကုန်ရောက်ရခိုင်လူငယ်အသင်းအဖွဲ့အစည်း ၂၀ ကျော်ခန့်မှ ကိုယ်စားလှယ် ၅၀ ကျော်တက်ရောက်ခဲ့ပြီး အသင်းအဖွဲ့အစည်း အသီးသီးမှ သဘောထား အမြင်များကို တင်ပြဆွေးနွေးခဲ့ကြသည်။ (Narinjara)

စက်တင်ဘာလ ၂၄ ရက်နေ့တွင် စစ်တွေခရိုင်တရားရုံး၌ နိုင်ငံတော်ပုန်ကန်မှုပုဒ်မ ၁၂၂(၁)ပုဒ်မဖြင့် အမှုရင်ဆိုင်နေရသည့် ဒေါက်တာအေးမောင်အားရုံးထုတ်စစ်ဆေးခဲ့သည်။ နောက်တကြိမ်ရုံးချိန်းအား အောက်တိုဘာ (၈)ရက်နေ့ တွင်ထပ်မံစစ်ဆေးမည်ဟု ဒေါက်တာအေးမောင်မှ ပြောသည်။ (Narinjara)

စက်တာဘာလ ၂၄ ရက်နေ့တွင် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)နှင့် ပတ်သည်ဟုဆိုတာ မသ်ကာမှုဖြင့် ဖမ်းဆီးခံထားရသည့် ဦးဖော်ယမ်လဆမ်နှင့် ဦးလဖျော်ခေါင်ဒေါင်တို့ ၂ ဦးအမှု အား လာမည့် အောက်တိုဘာလ လဆန်း၂ ရက်နေ့တွင် ဒုတိယ အကြိမ်မြောက် ထပ်မံ ချိန်းဆိုထားကြောင်း မိသားစုများမှ ပြောခဲ့သည်။ (KachinNews)

စက်တာဘာလ ၂၆ ရက်နေ့တွင် နေပြည်တော်ရှိ သမ္မတ အိမ်တော်၌ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (၅)နှစ်သင်တန်း အမှတ်စဉ်(၂)မှ ကျောင်းသား ကျောင်းသူအားတွေ့ ဆုံရာတွင် နှစ်ပေါင်း (၇၀) နီးပါးရှိပြီဖြစ်သည့် ပြည်တွင်းစစ်ကို အဆုံးသတ်ဖို့ လက်နက်စွဲကိုင်ပြီး ဖြေရှင်းခြင်းထက် နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်း အဖြေရှာဖို့ နိုင်ငံတော် သမ္မတ ဦးဝင်းမြင့်မှ တိုက်တွန်းပြောကြားခဲ့သည်။ (DVB)

ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးဒေသကို အင်းတိုင်းရင်းသားတွေ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် တောင်းဆိုသွားရန်နှင့် နမ့်ပန်မြို့ ပြန်လည်ရရှိရေး အစည်းအဝေးကို စက်တင်ဘာလ ၂၉ ရက်နေ့ နမ့်ပန်ဘုန်းကြီးကျောင်းမှာ ပြုလုပ်သွားမည်ဟု Save The Inle Lake အဖွဲ့ရဲ့ အတွင်းရေးမှူး ဦးခင်မောင်လတ်မှ ပြောခဲ့သည်။ (RFA)

## နိုင်ငံတကာဆက်ဆံရေး

စက်တင်ဘာလ ၁၄ ရက်နေ့တွင် ဒုတိယသမ္မတဦးမြင့်ဆွေဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် လေကြောင်းခရီးဖြင့် နန်နင်းမြို့မှ ကူမင်းမြို့ သို့ထွက်ခွာခဲ့သည်။ ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကူမင်းမြို့သို့ရောက်ရှိကြရာ ယူနန်ပြည်နယ် နိုင်ငံခြားရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Wang Wei ၊ ကူမင်းမြို့အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်နှင့် တာဝန်ရှိသူများက ကူမင်း အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြပြီးယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး H.E. Mr. Zhang Guohua က တည်ခင်းသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။ ကူမင်းမြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။ (PresidentOffice)

စက်တင်ဘာ ၁၃ ရက်နေ့ ညနေပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယ သမ္မတနိုင်ငံ ပူနေးမြို့၌ ကျင်းပမည့် BIMSTEC Army Chiefs’ Conclave အစည်းအဝေးများ တက်ရောက်ရန်နှင့် ချစ်ကြည်ရေးခရီးစဉ် သွားရောက်ရန်အတွက် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာပြီး ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ အိန္ဒိယနိုင်ငံ ဘန်ဂလိုအပြည်ပြည် ဆိုင်ရာလေဆိပ်တို့မှတစ်ဆင့် အိန္ဒိယနိုင်ငံ ပူနေး လေဆိပ်သို့ ယနေ့ ဒေသစံတော်ချိန် နံနက် ၃ နာရီ ၂၅ မိနစ်တွင် ရောက်ရှိရာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့်အဖွဲ့အား အိန္ဒိယကြည်းတပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဆက်သွယ်ရေး အရာရှိချုပ် Major General Jalaj Bhola နှင့် ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် သိန်းဇော်နှင့် ဇနီးတို့နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုခဲ့သည်။ (MOI)

စက်တင်ဘာလ ၁၄ ရက်နေ့ မွန်းတည့် ၁၂ နာရီ၌ နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1) တွင် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Khaled Mohamed AbdelrahmanAbdelsalam အားလက်ခံ တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့သည်။ (MOI)

စက်တင်ဘာလ ၁၄ ရက်နေ့၌ ဗြိတိန် နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံသို့ သွားမည်ဆိုပါက ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးနှင့် ပတ်သက်သည့် ဗြိတိန်၏ ဦးဆောင်မှုအခန်းကဏ္ဍအား ပြသရန် အခွင့်အလမ်းဖြစ်သည်ဟု Amnesty International အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ ညွှန်ကြားရေးမှူး Kate Allen မှပြောခဲ့သည်။ မြန်မာအား ICC နိုင်ငံတကာ ရာဇဝတ်ခုံရုံးတင်ရန် ကိစ္စတွင် ဗြိတိန်မှ ထောက်ခံတယ်ဆိုတာ ထုတ်ပြောရန်ရှက်စရာ မလိုဘူးဟုလည်း AI ညွှန်မှူး Kate Allen မှ ပြောခဲ့တယ်။လကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ ဖွဲ့စည်းမည့် လွတ်လပ်သည့် စုံစမ်းရေးအဖွဲ့နှင့် ပတ်သက်ပြီး လုပ်ပေးနိုင်သမျှအားလုံး ဆောင်ရွက်ပေးရမည်ဟု လည်း ပြောခဲ့သည်။ ထို့အပြင် ရိုက်တာ သတင်းထောက် ကိုဝလုံးနှင့် ကိုကျော်စိုးဦး တို့ လွတ်မြောက်ရေးအား ကြိုးစားပေးရမယ်ဟု AI ညွှန်မှူး Kate Allen မှ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး Jeremy Hunt အား တိုက်တွန်းခဲ့သည်။ (RFA)

စက်တင်ဘာလ၁၇ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့၌ကျင်းပသည့် ၃၉ ကြိမ်မြောက် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်ညီလာခံတွင် ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးဌာနရုံး ဓနသဟာရနှင့်ကုလသမဂ္ဂရေးရာ ဝန်ကြီး Lord Ahmadမှ ရိုဟင်ဂျာတွေအပေါ် မြန်မာတပ်မတော်၏ ညှမ်းပမ်းနှိပ်စက်မှုတွေနှင့် ပတ်သက်လို့ ပြစ်ဒဏ် ချမှတ်နိုင်ဖို့ နိုင်ငံတကာ အသိုင်းအဝိုင်းအနေနှင့် အဆက်မပြတ် အာရုံစိုက် လုပ်ဆောင်ဖို့ သူ၏မိန့်ခွန်းတွင် ပြောကြားခဲ့သည်။ "ကုလသမဂ္ဂအချက်အလက်ရှာဖွေရေးအဖွဲ့ရဲ့အစီရင်ခံစာဟာ မြန်မာနိုင်ငံမှာ ရိုဟင်ဂျာ အသိုင်းအဝိုင်းအပေါ် ဖိနှိပ်ညှမ်းပမ်းမှုတွေ ကျူးလွန်ခဲ့တယ်ဆိုတာကို ခိုင်မာယုံကြည်ရတဲ့ အထောက်အထားတွေနဲ့ ဖော်ပြထားပါတယ်။ သတ်ဖြတ်မှုနဲ့ အတင်းအဓမ္မပြုကျင့်မှု အပါအဝင် ရက်စက်ကြမ်းကြုတ်မှုတွေဟာ အစီရင်ခံစာဖတ်သူတွေအတွက် တကယ့်ကို တုန်လှုပ်စရာကောင်းပါတယ်။ ရိုဟင်ဂျာ အသိုင်းအဝိုင်းအပေါ် နှစ်ပေါင်းများစွာ ဆိုးရွားလှပြီးတော့ စနစ်တကျ ဖိနှိပ်မှုတွေရှိခဲ့တယ်ဆိုတာ ဒီအစီရင်ခံစာကနေ သက်သေပြနေပါတယ်။ ဒါအပြင် တိုင်းပြည်တွင်းမှာ ဖြစ်နေတဲ့ အကြမ်းဖက်မှုတွေ၊ ချိုးဖောက်မှုတွေကိုလည်း မီးမောင်း ထိုးပြနေပါတယ်။"ဟု ပြောသည်။ (VOA)

စက်တင်ဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းတွင် မြန်မာ့တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အသုံးပြုနေသည့် VK စာမျက်နှာအား VK ၏ စည်းကမ်းချက်များနှင့် မကိုက်ညီသဖြင့် ပိတ်ခဲ့သည်ဟု VK မှ ဘီဘီစီအားပြောခဲ့သည်။ VK ဝက်ဆိုက်မှ မြန်မာ စကားပြောသူများ ခေါ်ယူပြီး မြန်မာဘာသာစာမျက်နှာတို့ကို စောင့်ကြည့်နေကြောင်းကိုလည်း ပြောကြားခဲ့သည်။ (BBC)

စက်တင်ဘာလ ၁၇ ရက်နေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ သဘင်ဆောင် ဧည့်ခန်းမ၌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသားပြည်သူ့ကွန်ဂရက် (NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E.Mr. Ding Zhongli ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံခဲ့သည်။တွေ့ဆုံရာတွင် တရုတ်- မြန်မာ နှစ်နိုင်ငံအကြား နှစ်နိုင်ငံအကြီးအကဲများ၏ ချစ်ကြည်ရေးခရီးစဉ်များမှတစ်ဆင့် အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံ၏ ဒီမိုက ရေစီပြုပြင်ပြောင်းလဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များတွင် တရုတ်နိုင်ငံအနေဖြင့် ပိုမိုပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်သွားနိုင်ရေး ဆိုင်ရာကိစ္စ၊ နှစ်နိုင်ငံစီးပွားကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်နှင့် လွှတ်တော်ရေးရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌ များဖြစ်ကြသည့် နိုင်ငံတကာ ဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင်၊ အတွင်းရေးမှူးများဖြစ်ကြသည့် ဦးဘိုဘိုဦး၊ ဦးစိုးမြင့်(ခ) ဦးအောင်ဇော်မြင့်၊နိုင်ငံတကာဆက်ဆံရေး ကော်မတီအဖွဲ့ဝင်ဒေါ်ပြုံးကေသီနိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်တို့တက်ရောက်ခဲ့သည်။ (MOI)

စက်တင်ဘာလ ၁၇ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ဇမ္ဗူသီရိဆောင် ဧည့်ခန်းမ၌ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ အမျိုးသားပြည်သူ့ကွန်ဂရက် (NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E.Mr. Ding Zhongli ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မိမိတို့ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ် များတွင် ကူညီဆောင်ရွက် ပေးလျက်ရှိသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်းပြောကြားခဲ့ပြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသားပြည်သူ့ကွန်ဂရက် (NPC) အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌမှ တရုတ်-မြန်မာနှစ် နိုင်ငံအကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် စီးပွားရေးဆိုင်ရာ ရင်းနှီး မြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရေးအတွက် လာရောက်ခြင်း ဖြစ်ပါကြောင်း၊ ထို့အတူ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် အထောက်အကူဖြစ်စေနိုင်သည့် ဥပဒေပြုရေးလုပ်ငန်းများနှင့် သိပ္ပံနှင့်နည်းပညာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးခင်မောင်ဝင်း၊ ဦးအောင်မင်း၊ ဦးဇော်သိန်း၊ ဦးခွန်မောင်သောင်း၊ ဒေါက်တာတင်အောင်၊ ဒေါက်တာ စံရွှေဝင်း၊ ဦးရန်လင်း၊ ဦးတင်မောင်ဝင်း၊ ကော်မတီအတွင်းရေးမှူး ဦးဘိုဘိုဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသားပြည်သူ့ ကွန်ဂရက် (NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့ တက်ရောက်ခဲ့သည်။ (MOI)

စက်တင်ဘာလ ၁၇ ရက်နေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသား လွှတ်တော် ဧည့်ခန်းမဆောင်၌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ အမျိုးသားပြည်သူ့ကွန်ဂရက်(NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H. E. Mr. Ding Zhongli နှင့်အဖွဲ့အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် နှစ်နိုင်ငံလွှတ်တော်များ၏ ဖွဲ့စည်းမှု၊ ဥပဒေပြုရေးဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းစဉ်များ၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော်မှ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီဥက္ကဋ္ဌ၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ မြန်မာ-တရုတ်လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်းဥက္ကဋ္ဌ၊ ဥပဒေကြမ်း ကော်မတီ အတွင်းရေးမှူးနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ (MOI)

စက်တင်ဘာလ၁၈ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ထွက်ခွာ တော့မည့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Jukr Boon-Long အား တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်နိုင်မှုများကို အခြေခံ၍ နှစ်နိုင်ငံချစ်ကြည်ရေးတိုးတက်ခိုင်မြဲအောင် လုပ်ဆောင်နိုင်သည့် အခြေအနေ၊ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ်သမားများ စည်းကမ်းစနစ်တကျရှိရေး၊ ထိုင်းနိုင်ငံမှ ကူညီစောင့်ရှောက်ပေးနေသည့် အခြေအနေ၊ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ခြင်း အပါအဝင် နှစ်နိုင်ငံစီးပွားရေး တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ စစ်ဘက်ဆေး ပညာရပ်များနှင့် စိုက်ပျိုးရေး နည်းပညာများ အပြန်အလှန်ဖလှယ်ရေးဆိုင်ရာကိစ္စ၊ နှစ်နိုင်ငံ နယ်နိမိတ်ဆိုင်ရာ ကိစ္စနှင့် နယ်စပ်ဒေသ တည်ငြိမ် အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်း ထုတ်ပြန်ခဲ့သည်။ (MOI)

စက်တင်ဘာလ၁၈ရက်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန် ဆောင်ဧည့်ခန်းမ၌ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ ကွန်ဂရက် အမြဲတမ်း ကော်မတီ ဒုတိယဥက္ကဋ္ဌ H. E. Mr. Ding Zhongli နှင့် အဖွဲ့အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေး၊ စီးပွားရေး၊ ပညာရေး၊ ခရီးသွားလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကဏ္ဍများ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ၊ နိုင်ငံတော် သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ဆွေဦး၊ တရုတ်နိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်း ကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ (MOI)

စက်တင်ဘာလ၁ရက်နေ့တွင် တရုတ်ကွန်မြူနစ်ပါတီ၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသို့ရောက်ရှိနေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ ဒုဥက္ကဋ္ဌ (၂) ဒေါက်တာဇော်မြင့်မောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပီကင်းမြို့၊ ပြည်သူ့ခန်းမဆောင်၌ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီဝင်၊ အတွင်းရေးမှူး အဖွဲ့ဝင်၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး Mr. Huang Kumming ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့နှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် ရခိုင်အရေးကိစ္စနှင့် ပတ်သက်၍ နိုင်ငံတကာနယ်ပယ်တွင် ဖိအားပေးခြင်းခံနေရချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရပ်တည်ချက်ကို ကျေးဇူးတင်သည်ဟု NLD ပါတီ၏ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်မှပြောခဲ့သည်။ **`မြန်မာနိုင်ငံနဲ့ ပတ်သက်ရင် အနောက်နိုင်ငံတွေထက်စာရင် တရုတ်အပါအဝင် အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်း အာဆီယံနိုင်ငံတွေဒီဟာတွေက ပိုပြီးတော့ သဘောပေါက်နားလည်တယ်။ ကျွန်တော်တို့ မြန်မာလူမျိုးတွေ ခံစားနေရတဲ့ အခက်အခဲကို သူတို့ပိုပြီးတော့ သိမြင်နိုင်စွမ်းရှိပါတယ်။ အဲဒီတော့ သူတို့ရဲ့ ရပ်တည်ချက်အတွက် ကျေးဇူးတင်ကြောင်းတော့ ကျွန်တော်တို့ ပြောခဲ့ပါတယ်`** ဟု ဒေါက်တာမျိုးညွန့်မှ ပြောခဲ့သည်။ (TheLadies)

စက်တင်ဘာ ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ်၂၀ တွင် အိန္ဒိယသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန South Block Lawnsတွင် အိန္ဒိယ ကြည်းတပ်ဦးစီးချုပ် General Bipin Rawat, UYSM, AVSM, YSM, SM, VSM, ADC အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် နယ်စပ်ဒေသ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး ပိုမို တိုးတက် ခိုင်မာရေး၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ (MOI)

စက်တင်ဘာလ၁၉ရက်နေ့ နံနက်ပိုင်း တွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားဝန်ကြီးရုံး မေခလာခန်းမ၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Ichiro Maruyamaနှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဂျပန် နိုင်ငံအစိုးရ၏ အကူအညီဖြင့် အိမ်ရာများ ဆောက်လုပ် ရေးကိစ္စနှင့်ပတ်သက်သည့် အခြေအနေများ၊ ရခိုင် ပြည်နယ် စစ်တွေမြို့ရှိ ဒုက္ခသည်စခန်းများ ပိတ်သိမ်းရေး နှင့်စပ်လျဉ်း၍ ဒုက္ခသည်များအား ပြန်လည်နေရာချ ထားရာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဆင်ပြေ စေရေး ဆောင်ရွက်နေမှုများ၊ ပြန်လည်နေရာချထားရေး နှင့်ပတ်သက်၍ ဒေသခံပြည်သူများ၊ ဒုက္ခသည်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်နယ် အစိုးရတို့နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ UNHCR နှင့် ပူးပေါင်း၍ဆောင်ရွက်နေမှု ကိစ္စရပ်များ အားဆွေးနွေးခဲ့ကြသည်။ (MOI)

စက်တင်ဘာလ၂၀ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. John Nielsenအား တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊

လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်မှု အထောက်အကူပြုရေး၊ ပညာရေး၊ ရေလုပ်ငန်း နှင့် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက် အကူပြုရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှု အခန်းကဏ္ဍတွင် လွှတ်တော်မှ ပါဝင်ဆောင်ရွက်နေမှု တို့အားဆွေးနွေးခဲ့ကြသည်။ (MOI)

စက်တင်ဘာလ၂၀ ရက်နေ့ ညနေ ၃ နာရီခွဲ တွင် နေပြည်တော် ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး Rt.Hon. Jeremy Hunt MP အားတွေ့ဆုံခဲ့သည်။တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး အခြေအနေ၊ နေရပ်စွန့်ခွာ သူများအား ပြန်လည်လက်ခံရေးကိစ္စ၊ ရခိုင်ပြည်နယ်၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေနှင့် ကုလသမဂ္ဂ မျက်နှာစာတွင် ယင်းကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးနေမှု အခြေအနေများအားဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အပြည်ပြည် ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ (MOI) (RFA) (7Day)

စက်တင်ဘာလ၂၁ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံ ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Jukr Boon- Long အား တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် မြန်မာ- ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများ၌ ဆက်လက်တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ (PresidentOffice)

စက်တင်ဘာလ၂၄ ရက်နေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး H. E. Mrs. Dorothee Janetzke-Wenzel အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ်နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုပိုမိုမြှင့်တင်ရေး၊ လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊ လွှတ်တော်ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေး ခဲ့ကြသည်။ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် နှင့်ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ (MOI)

စက်တင်ဘာလ ၂၅ရက်နေ့ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် အမေရိကန် ပြည်ထောင်စု နယူးယောက်မြို့၌ကျင်းပသည့် (၇၃) ကြိမ်မြောက် ကုလသမဂ္ဂ အထွေ ထွေညီလာခံသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင် ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် မြန်မာနိုင်ငံအပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ပေါင်း ၁၄၅ နိုင်ငံမှ Declaration of Shared Commitments on Peacekeeping Operations ကို ထောက်ခံအတည်ပြုခဲ့ကြသည်။ (MOI)

စက်တင်ဘာလ၂၆ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာ ဆောင် အဆောင်အမှတ် (I-10) အစည်းအဝေးခန်းမ၌ ပြည်သူ့လွှတ်တော်၊သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးစိုးသူရထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး H.E. Mr.ScotMarciel အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် သယံဇာတနှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေရေးရာ ကိစ္စရပ်များ၊ ပြုပြင်ပြောင်းလဲရေးဆွဲသည့် ကျောက်မျက်ရတနာမူဝါဒဆိုင်ရာ ကိစ္စရပ်များ၊ အမေရိကန်နိုင်ငံမှ ကူညီပေးနိုင်သည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။ (MOI)

စက်တင်ဘာလ၂၆ ရက်နေ့  မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ် ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး H.E. Mr Scot Marciel အား လက်ခံတွေ့ဆုံခဲ့သည်။တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး နှင့် ဥပဒေရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ (MOI)

စက်တင်ဘာလ၂၆ ရက်နေ့  ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန ၂ ၌ (၆၉)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခြင်း ဂုဏ်ပြုအခမ်းအနား ကိုကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ခဲ့ကြသည်။အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန်းကြင်ကြည်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး His Excellency Mr. Hong Liang နှင့်ဇနီး၊ သံအမတ်ကြီးများ၊ သံတမန်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။ (MOI)

စက်တင်ဘာလ၂၆ ရက်နေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး ဧည့်ခန်းမ၌ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Wouter Jurgens နှင့်အဖွဲ့အား တွေ့ဆုံခဲ့သည်။တွေ့ဆုံစဉ် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၏ အဂတိလိုက်စားမှု ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ၊ အစိုးရ ဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်း များနှင့်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လည်းကောင်း ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။တွေ့ဆုံပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်း၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးဇော်ဝင်းနှင့်ဒေါ်မြတ်မြတ် စိုးတို့ တက်ရောက်ခဲ့ကြသည်။ (MOI)

စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဝါရှင်တန် ဒီစီမြို့တော်၊ ကွန်ဂရက်လွှတ်တော်၌ အထက်လွှတ်တော် လူများစုခေါင်းဆောင်၊ ရီပတ်ဘလီကန်အထက်လွှတ်တော်အမတ် Mitch McConnellနှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တို့တွေ့ဆုံခဲ့သည်ဟု မြန်မာနိုင်ငံခြားရေးဌာနမှသတင်းထုတ်ပြန်ခဲ့သည်။ (VOA)

စက်တင်ဘာလ ၂၇ ရက်နေ့တွင် နယူးယောက်မြို့၌ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Mike Pompeo တို့တွေ့ဆုံခဲ့ကြသည်ဟု အမေရိကန်နိုင်ငံခြား ရေးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြခဲ့သည်။ (VOA)

စက်တင်ဘာလ ၂၇ ရက်နေ့ နံနက် ၁၁ နာရီတွင် ရန်ကုန် တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကျောက်ကုန်းလမ်းရှိ ဗီယက်နမ်နိုင်ငံ သံရုံးသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယ သမ္မတဦးမြင့်ဆွေသည် သွားရောက်၍ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံသမ္မတ၊ ပေါ်လစ်ဗျူရိုအမြဲ တမ်းကော်မတီအဖွဲ့ဝင် မစ္စတာ ကျန်ဒိုက်ကွမ်း ကွယ်လွန်ခြင်း အတွက် ဝမ်းနည်းကြောင်း မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။ (MOI)

စက်တင်ဘာလ ၂၇ ရက်နေ့ နံနက်(၉)နာရီ တွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် အမေရိကန် ပြည်ထောင်စုအခြေစိုက် Nathan Associates မှ Vice President ဖြစ်သူ Ms.Jaleen Moroney နှင့် Chief of Party ဖြစ်သူ Mr.Steve Parker တို့အား ပြန်ကြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာမူဝါဒများ ရေးဆွဲအကောင် အထည်ဖော်ရာတွင် ပိုမိုထိရောက်မှုရှိစေမည့် စီးပွားရေးဆိုင်ရာ သတင်းများ ထောက်ပံ့ ပေးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှုကိစ္စ၊ စီးပွားရေးသတင်းများအား တိကျမှန်ကန်စွာ ဖော်ပြနိုင်ရန် အခြေခံကျသည့် မဟာဗျူဟာများ ရေးဆွဲနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့အား ဆွေးနွေးခဲ့ကြသည်။ (MOI)